ဒါနဉ္စ ဓတံ မင်္ဂလ မုတ္တမံ၊ ပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်၊ တနင်္လာနေ့၊ အတွဲ(၉၁)၊ အမှတ်(၁၂၅)

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုကြိုဆို

“နိုင်ငံတည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊တပ်မတော်၊ တိုင်းရင်းသားပြည်သူတို့နှင့်အတူ တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။ ၎င်းတို့သည် တို့သွေး တို့သား တို့အင်အားများ အဖြစ် အရေးကြီး၍ စည်းလုံးညီညွတ်လာခြင်း ဖြစ်သည်”

ကြယ်ဖြူ၏ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့အကြိုဂုဏ်ပြုဆောင်းပါး **“တို့သွေး တို့သား တို့အင်အား”** ကို စာမျက်နှာ(၈-၉)နှင့် စိုးမိုး(ပုသိမ်)၏ **“စည်းလုံးညီညွတ်မှုမှသည် ဖွံ့ဖြိုးတိုးတက်မှုဆီသို့”** ကဗျာကို စာမျက်နှာ(၃)တွင် ဖော်ပြထားပါသည်။ **(မြန်မာ့အလင်း)**



တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခိုင်အမာတည်ဆောက်နိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အားသွန်ခွန်စိုက်ဆောင်ရွက်နိုင်မည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာ တည်ဆောက်နိုင်မှသာ နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်မည်ကို သိမြင်သဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ချမှတ်ကာ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးတို့ကို ကျယ်ပြန့်နက်ရှိုင်းစွာ စည်းရုံးဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၅၆)နှစ်မြောက်ပြည်ထောင်စုနေ့သဝဏ်လွှာမှ-

တိုင်းရင်းသားများ၏စီးပွားရေးအခြေခံများတိုးတက်ကောင်းမွန်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များ ဗဟိုအဆင့်မှတာဝန်ရှိသူများကိုယ်တိုင် အောက်ခြေအထိအရောက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ မြို့နယ်အဆင့်တာဝန်ခံများ ပြည်သူနှင့်တစ်သားတည်းရှိပြီး ပြည်သူလိုအပ်ချက်ဖြည့်ဆည်းပေး

ရန်ကုန် ဖေဖော်ဝါရီ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၃၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာကြရာ မွန်းလွဲ ၁ နာရီတွင် ပဲခူးတိုင်း တောင်ငူလေဆိပ်သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၃၁ ရက်က မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ပေါင်းလောင်း ရေလှောင်တမံ ဘက်စုံ စီမံကိန်းPower House ၌ စက်တပ်ဆင်ခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဇန်နဝါရီ ၃၁ ရက်က မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

ဆက်သွယ်ရေးစနစ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း ပြည်သူလူထု၏ဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းဆောင်ရွက်

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် အော်တိုတယ်လီဖုန်း၊ မိုဘိုင်းတယ်လီဖုန်း၊ ရေဒီယိုတယ်လီဖုန်း၊ ကျေးလက်တယ်လီဖုန်း ဝန်ဆောင်မှုလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်းဆက်သွယ်မှုစနစ်တည်ဆောက်ခြင်းလုပ်ငန်း၊ ပြည်ပနိုင်ငံများနှင့် ပေါင်းစပ်အကောင်အထည်ဖော်လျက်ရှိသည့် ဆက်သွယ်ရေးလုပ်ငန်း၊ပြည်နယ်/တိုင်းအလိုက် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် Global Telematics Services ဆောင်ရွက်ရန်လည်း စီစဉ်လျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဇန်နဝါရီလ၃၁ရက်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရှစ်မိုင်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရုံးချုပ်အခြေစိုက် ပြည်ပဆက်သွယ်ရေးစခန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တယ်လီဖုန်းဆက်သွယ်ရေးစနစ်ဖြင့် ပြည်တွင်း ရပ်ဝေးဒေသများသို့ ကုန်ကျစရိတ်သက်သာ၍ လွယ်ကူလျင်မြန်စွာ သတင်းပေးပို့ခြင်း၊သတင်းပြန်လည်လက်ခံခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် ရုံးချုပ်အခြေစိုက် ပြည်ပဆက်သွယ်ရေးစခန်းတွင် သတင်းဝန်ဆောင်မှုလုပ်ငန်း (Telecom Message Service Centre)(၁၀၄)ကို ထားရှိသည်။

သတင်းဝန်ဆောင်မှုလုပ်ငန်း (Telecom Message Service Centre) တယ်လီဖုန်း အမှတ်(၁၀၄)သို့ တယ်လီဖုန်းဖြင့်ဆက်သွယ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့ပြ၊ ကျေးလက်ဒေသများမှ မိမိဆက်သွယ်လိုသူထံ အချိန်တိုအတွင်း မိမိပေးပို့လိုသောသတင်းအချက်အလက်များကို ပေးပို့အကြောင်းကြားနိုင်သည့်အပြင် သတင်းလက်ခံသူက သတင်းပေးပို့သူထံ ပြန်ကြားလိုသောအချက်များကိုပါ လက်ခံပြန်ကြားပေးနိုင်မည် ဖြစ်သည်။

အဆိုပါ သတင်းဝန်ဆောင်မှုလုပ်ငန်း(၁၀၄)ကြောင့် ကိုယ်ပိုင်တယ်လီဖုန်းမရှိသူများ၊ တယ်လီဖုန်း ဆက်သွယ်ရန် ခက်ခဲသောဒေသများ၊ တယ်လီဖုန်းမရှိသောဒေသများသို့ လွယ်ကူလျင်မြန်စွာ သတင်းပေးပို့ ဆက်သွယ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ရုံးချုပ်အခြေစိုက် ပြည်ပဆက်သွယ်ရေးစခန်းမှ ကိုးမိုင်ရှိ FISCA Enterprises သို့သွားရောက်၍ Printed Circuit Board (PCB) ထုတ်လုပ်ခြင်း လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် တယ်လီဖုန်းအိတ်ချိန်းခုံများ တည်ဆောက်ထားမှုများ၊ ကျေးလက်သုံး အော်တိုအိတ်ချိန်း အသေးစား ထုတ်လုပ်ထားမှုများနှင့် သုတေသနခန်း၊ စက်စမ်းသပ်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း က–

"ဆက်သွယ်ရေးနည်းပညာပိုင်း၌ ယခုကဲ့သို့ မြန်မာကုမ္ပဏီများအနေဖြင့် ကျွမ်းကျင်စွာ လုပ်ကိုင်လာသည်မှာ တိုးတက်မှုသဘောကို ပြဆိုနေကြောင်း၊ မိမိတို့၏ လက်ရှိအောင်မြင်မှုများ အပေါ် ရောင့်ရဲတင်းတိမ်မနေဘဲ အမြင်ကျယ်ကျယ်ဖြင့် တီထွင်ကြံဆလုပ်ကိုင်သွားရန်နှင့် ပြည်ပ ဈေးကွက်ရရှိအောင် ကြိုးစားသင့်ကြောင်း"

မှာကြားသည်။

FISCA Enterprises အနေဖြင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် Ky-1000 တယ်လီဖုန်းအိတ်ချိန်းခုံများကို ထုတ်လုပ်တပ်ဆင် ပေးလျက်ရှိသည်။ Public Exchange၊ ကျေးလက်သုံး Exchange တို့ကိုလည်း ထုတ်လုပ်သွားမည် ဖြစ်ကြောင်းနှင့် လှိုင်သာယာမြို့နယ်တွင် စက်ရုံတည်ဆောက်၍ (PCB) ထုတ်လုပ်ခြင်း အပါအဝင် အဆင့်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မျက်မှောက်ကာလတွင် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များသည် အရှိန်အဟုန်ဖြင့် တိုးတက် ပြောင်းလဲလျက်ရှိသည်။ စက္ကန့်ပိုင်းအတွင်း၌ပင် ကမ္ဘာ့တစ်ဖက်စွန်းမှသတင်းအချက်အလက် များသည် အခြားတစ်ဖက်စွန်းသို့ ရောက်ရှိသွားနိုင်သည်အထိ တိုးတက်ပြောင်းလဲဖြစ်ထွန်းလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဆက်သွယ်ရေးစနစ်များ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိချိန်တွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ ဆက်သွယ်ရေးလိုအပ်ချက်များကို ပိုမိုတိုးတက် ဖြည့်ဆည်း ဆောင်ရွက်နိုင်မည်ဟုယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဂုဏ်ပြုချီးမြှင့်

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ် ခင်အောင်မြင့် မင်္ဂလာဒုံ မြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း ၏ ၂၀၀၂–၂၀၀၃ ခုနှစ် ပညာရည် ချွန် ဆုပေးပွဲတွင် ခွင့်ပျက်မရှိ (၁၃)နှစ် ဆက်တိုက် ကျောင်းတက် ရက်မှန် ဆုရသူ ဆရာမအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။

(ထ–ပ–ဆ)

မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်းစည်းဝေး၊ ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁

မင်္ဂလာဒုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၂–၂၀၀၃ပညာသင်နှစ် ပညာရည်ချွန်ဆု ပေးပွဲနှင့် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီက အဆိုပါကျောင်း အောင်ဆန်းသူရိယ လှသောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိဘဆရာအသင်းဥက္ကဋ္ဌ ဗိုလ်မှူးစိုးသိန်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဒေါ်ဌေးဌေးအုန်းတို့က ကျောင်း၏ တစ်နှစ်တာ ပညာသင်ကြားရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသူ မစန္ဒာဝင်းအား ဂုဏ်ပြုဆုချီးမြှင့်သည်။ ဆက်လက်၍ ခွင့်ပျက်ရက်မရှိ နှစ်စဉ်ဆက်တိုက် ကျောင်းတက်ရက်မှန် ဆုရရှိသူ ဆရာဆရာမများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ရာ တစ်နှစ်အတွက် ငွေကျပ်တစ်သောင်းနှုန်းဖြင့် (၁၃)နှစ်ဆက်တိုက် ကျောင်းပျက်ရက်မရှိ ကျောင်းတက်ရက်မှန်ဆုရ ဆရာမတစ်ဦးအား ငွေကျပ်တစ်သိန်းသုံးသောင်းကိုလည်းကောင်း၊ (၁၁)နှစ်ဆက်တိုက်ကျောင်းပျက်ရက်မရှိ ကျောင်းတက်ရက်မှန်ဆုရ ဆရာမတစ်ဦးအား ငွေကျပ်တစ်သိန်းတစ်သောင်းကိုလည်းကောင်း၊ ခုနစ်နှစ်ဆက်တိုက်ကျောင်းပျက်ရက်မရှိကျောင်းတက်ရက်မှန်ဆုရ ဆရာမတစ်ဦးအား ငွေကျပ်ခုနစ်သောင်းကိုလည်းကောင်း၊ ခြောက်နှစ်ဆက်တိုက် ကျောင်းပျက်ရက်မရှိ ကျောင်းတက်ရက်မှန်ဆုရ ဆရာမနှစ်ဦးတို့အား ငွေကျပ်ခြောက်သောင်းစီကိုလည်းကောင်း၊ ငါးနှစ်ဆက်တိုက်ကျောင်းပျက်ရက်မရှိ ကျောင်းတက်ရက်မှန်ဆုရ ဆရာမတစ်ဦးအား ငွေကျပ်ငါးသောင်းကိုလည်းကောင်း၊ လေးနှစ်ဆက်တိုက် ကျောင်းပျက်ရက်မရှိ ကျောင်းတက်ရက်မှန်ဆုရဆရာမလေးဦးတို့အား ငွေကျပ်လေးသောင်းစီကိုလည်းကောင်း၊ သုံးနှစ်ဆက်တိုက် ကျောင်းပျက်ရက်မရှိ ကျောင်းတက်ရက်မှန်ဆုရ ဆရာမလေးဦးတို့အား ငွေကျပ်သုံးသောင်းစီကိုလည်းကောင်း၊ နှစ်နှစ်ဆက်တိုက် ကျောင်းပျက်ရက်မရှိ ကျောင်းတက်ရက်မှန်ဆုရ ဆရာနှစ်ဦးနှင့် ဆရာမခြောက်ဦးတို့အား ငွေကျပ်နှစ်သောင်းစီနှင့် တစ်နှစ်ကျောင်းပျက်ရက်မရှိ ကျောင်းတက်ရက်မှန်ဆုရ ဆရာမရှစ်ဦးတို့အား ငွေကျပ်တစ်သောင်းစီကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရရှိသူ ကျောင်းသူသုံးဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ ကျောင်းသားကျောင်းသူ ၁၀ ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ ကျောင်းသားကျောင်းသူ ရှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ကျောင်းသားကျောင်းသူ ၂၄ ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ ကျောင်းသားကျောင်းသူ ၂၄ဦးနှင့် အတန်းအသီးသီးမှ ကျောင်းတွင်းပညာရည်ချွန်ထူးချွန်ဆုရကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

ဇန်နဝါရီ၂၄ ရက်က မြောက်ဥက္ကလာပမြို့နယ် အမက(၂) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်က စတုတ္ထတန်းပထမဆုနှင့်ဘာက်စုံထူးချွန်ပထမဆုရမောင်ဇင်ကိုကိုဦးအား ဆုချီးမြှင့်စဉ်။

(က–ပ)

ဆုချီးမြှင့်

ဇန်နဝါရီ ၃၁ ရက်က ဗဟန်းမြို့နယ် အမှတ်(၁၃) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၂–၂၀၀၃ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်ညီလာခံနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်မြင့်ဆွေက စတုတ္ထတန်း(က)မှ ဘာက်စုံထူးချွန်ဆုရမောင်စိုးဝေယံလင်းအားဆုချီးမြှင့်စဉ်။

(က–ပ)

✡ ***တိုင်းရင်းသားမှ***

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား တောင်ငူ တပ်နယ်မှ ဗိုလ်မှူးချုပ်သူရမြင့်သိန်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်သူရမောင်နီနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် တပ်မတော်ရဟတ်ယာဉ်များ ဖြင့် မန္တလေးတိုင်း ရမည်းသင်းခရိုင် လယ်ဝေးမြို့သို့ ရောက်ရှိကြရာ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးအေးလွင်၊ ရမည်းသင်းခရိုင်နှင့် မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ နှင့် လူမှုရေးအသင်းအဖွဲ့က ကြိုဆို ကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၃၀ ရက်က မန္တလေးတိုင်း လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နှင့် အဖွဲ့ဝင်များသည် လယ်ဝေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးဒေါ်မြစိန်နှင့် ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် CD Library Room၊ Computer Skills Room၊ Computer Aided Instruction Room၊ Language Lab တို့ကို ကြည့်ရှုစစ်ဆေးသည်။

ကွန်ပျူတာတစ်စုံပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောင်းခန်းမ၌ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးတို့တင်ပြသည့် ပညာရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး လိုအပ်မှုများကိုမှာကြားပြီး အခြေခံပညာအထက်တန်း ကျောင်းခွဲတစ်ကျောင်းကို အထက်တန်းကျောင်းအဖြစ်လည်းကောင်း၊ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းနှစ်ကျောင်းကို အထက်တန်းကျောင်းခွဲများအဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ပေးသည်။ ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လယ်ဝေးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ဆရာ ဆရာမများအားတွေ့ဆုံကာ ပညာသင်ကြားရေး အခြေအနေများမေးမြန်းပြီး ကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာကြီးဦးကျော်အေးအား ပေးအပ်သည်။

လယ်ဝေးဆေးရုံရောက်ရှိ

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လယ်ဝေးမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံအုပ်ဒေါက်တာအေးမာကြည်နှင့် ဆရာဝန် ဆရာမများက ကြိုဆိုကြပြီး ဆေးရုံအတွင်း ဆေးဝါးကုသမှုလုပ်ငန်းကို လိုက်လံပြသရှင်းလင်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လယ်ဝေးမြို့ ပြည်သူ့ဆေးရုံကို (၁၆)ခုတင်ဆံ့ဆေးရုံမှ (၂၅)ခုတင်ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးပြီး ဆေးရုံတိုးချဲ့အဆောက်အအုံသစ် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့သို့ ရောက်ရှိရပ်နားကြသည်။

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၃၁ ရက် နံနက် ၈ နာရီတွင် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ မဟာစည်သာသနာ့ရိပ်သာ ကန်ဦးကျောင်းတိုက်ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝါယမ အမှူးပြုသော မြို့ပေါ်ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ ပြည်သူ့ဆေးရုံ ခုတင် (၁၀၀)သို့ ရောက်ရှိကြရာ ဆေးရုံအုပ်ဒေါက်တာမျိုးသန့်နှင့် အထူးကုဆရာဝန်များ၊ ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ခွဲစိတ်ခန်း၊ ခွဲစိတ်လူနာဆောင်၊ ကလေးလူနာဆောင်၊ သားဖွားခန်းနှင့် ဖျားနာဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအဆောက်အအုံ ပြုပြင်မွမ်းမံရေး၊ ဆေးရုံပရဝုဏ် အတွင်းအပြင် သန့်ရှင်းသာယာရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဌာနဆိုင်ရာများတွေ့ဆုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆေးရုံခန်းမ၌ ရမည်းသင်းခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်က ခရိုင်အတွင်း ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူတို့က မိုးစပါး၊ နွေစပါး စိုက်ပျိုးထားမှုနှင့် ထွက်ရှိမှု၊ ပဲအမျိုးမျိုးစိုက်ပျိုးမှု၊ ဆီထွက်သီးနှံစိုက်ပျိုးမှု၊ စက်မှုကုန်ကြမ်းသီးနှံ ကြံစိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဒေသဖွံ့ဖြိုးရေးဖြည့်ဆည်းပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ညီညွတ်မျှတစွာ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် ဗဟိုအဆင့်မှ အမျိုးသားစီမံကိန်းများ စီမံချမှတ်ပေးလျက်ရှိသကဲ့သို့ ဗဟိုမှတာဝန်ရှိသူများသည် ပြည်နယ်နှင့်တိုင်းဒေသများအားလုံးသို့ အခြေခံအဆင့် ကျေးလက်ဒေသများ အထိ လွန်းထိုးသွားရောက်ကာ ဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

အခြေခံအဆင့်ရှိ ကျေးလက်နေပြည်သူများနှင့် ထိတွေ့လေ့လာပြီး တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးအခြေခံများ တိုးတက်ကောင်းမွန်အောင်၊ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားအောင်၊ လမ်းပန်းဆက်သွယ်ရေး ချောမွေ့လုံခြုံအောင် ဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များကို ဗဟိုအဆင့်မှ တာဝန်ရှိသူများကိုယ်တိုင် အောက်ခြေအထိ အရောက်သွားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကြိုးပမ်းဆောင်ရွက်

ဤကဲ့သို့သော အခြေအနေ အချိန်အခါမျိုးတွင် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ၊ ပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားစေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးမှုများအားလုံး ရည်မှန်းချက်နှင့်အညီ လက်တွေ့အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရန် မိမိတို့တွင် တာဝန်ရှိသည်ဆိုသော သဘောထားခံယူချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြဖို့ လိုအပ်မှာဖြစ်ကြောင်း။

အဆင့်ဆင့်သော တာဝန်ရှိသူများသည် ဒေသတွင်းလမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင်၊ ပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင်၊ ကျေးလက်နေပြည်သူများ စားဝတ်နေရေး ပြည့်စုံချောင်လည်စေပြီး ပညာရေး၊ ကျန်းမာရေးအခြေခံများ တိုးတက်မြင့်မားအောင် အခြေခံဒေသကျေးလက်များအထိ သွားရောက်ပြီး ပြည်သူများနှင့် ထိတွေ့ကာ ပြည်သူများ၏လိုလားချက်၊ ပြည်သူများ၏လိုအပ်ချက်တို့ကို လက်တွေ့ဖြည့်ဆည်း ဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း။

စာမျက်နှာ ၄ ကော်လံ ၁

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

စည်းလုံးညီညွတ်မှုမှသည် ဖွံ့ဖြိုးတိုးတက်မှုဆီသို့

မေခနဲ့ မလိခ
မြစ်ရော အစ။
မြေပြန့်ကို ခရီးဆက်
အားတက်ဖွယ်ပ။
စစ်တောင်းကို သူခင်
သံလွင်က ကြည်နူး။
မြလေပြည် သွယ်သွယ်ညင်းတော့
တေးချင်း သီကျူး။

တောတန်းက ခွေချင်ခွေ
တောင်တွေက မတ်ချင်မတ်။
မြစ်ရော အားမာန်တင်းလို့
စီးဆင်း ကျော်ဖြတ်။

ဇာတိမြေ ဘယ်လိုခြားသော်လဲ
သွေးသားရင်း အစစ်အမှန်။
ရေပြင်ကျယ် ပင်လယ်ဝမှာ
တွေ့ကြစေနိ။
မုန်တိုင်းက ထန်ချင်ထန်
လေပြန်က ဝဲချင်ဝဲ။
ပင်လယ်ရေ ဘယ်မခန်း
ချမ်းမြေ့လျက်ပဲ။

ချောင်းမြစ်ကို ပမာပြုလို့
ညီညွတ်မှု ခိုင်မာ။
ပြည်မြန်မာ စည်သာရေး
တွေးဆသင့်ပါ။
တိုင်းရင်းသား စုံလင်စွာ
တူညီညာ လက်တွဲ။
နေဆယ်ဖြာ လဆယ်ဝန်းရယ်နဲ့
ပြည်မြန်မာ ဝေဆာထွန်းပါလို့
ရွှန်းတင့်မည်ပဲ။ ။

ခိုးမိုး(ပုသိမ်)

မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှ ရေအားလျှပ်စစ်စက်ရုံကို ဇန်နဝါရီ ၃၁ ရက်က တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၃၁ ရက်က မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေး ဗဟိုဌာန၌ ကော်ဖီပျိုးဥယျာဉ်၊ ကော်ဖီပျိုးပင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးမှာ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ခံများတွင် တာဝန်အရှိဆုံးဖြစ်ကြောင်း၊ မြို့နယ်အဆင့် တာဝန်ခံများက ပြည်သူနှင့်တစ်သားတည်းရှိပြီး ပြည်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါမှ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

မိမိတို့တာဝန်ကျရာဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာ တာဝန်ခံများအားလုံးက သူ့လုပ်ငန်း ကိုယ့်လုပ်ငန်း ခွဲခြားမနေဘဲ လုပ်ငန်းကဏ္ဍများအလိုက် ကော်မတီများဖွဲ့စည်းကာ သက်ဆိုင်ရာဌာနက ဦးဆောင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြဖို့လိုကြောင်း။

ဤကဲ့သို့ လုပ်ငန်းကဏ္ဍအလိုက် ကော်မတီများဖွဲ့စည်းပြီး စုပေါင်းဦးဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းဆောင်ရွက်မှုတို့ဖြင့် လုပ်ငန်းကဏ္ဍအလိုက် ရည်မှန်းချက်များ အောင်အောင်မြင်မြင် အကောင်အထည်ပေါ်လာစေရအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဇန်နဝါရီ ၃၀ ရက်က မန္တလေးတိုင်း ပျဉ်းမနားမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး၌ ရမည်းသင်းခရိုင်နှင့် မြို့နယ်များမှ ဦးစီးမှူးများ၊ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်သို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်က ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ရသည့် ပင်မကျောက်ဖြည့်တမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း၊ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းများကို လုပ်ငန်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

စံချိန်စံညွှန်းပြည့်မီ

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရေအားလျှပ်စစ်ဦးစီးဌာနက တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ရေလွှဲဥမင်လိုဏ်နှင့် ဆက်စပ်အဆောက်အအုံများ၊ ရေယူအဆောက်အအုံ (Power Intake)ဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ဥမင်လိုဏ် အသေး၊ အကြီး ၃၈ မျိုး ပါဝင်သည့် မြေအောက်ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများ၊ စက်များတပ်ဆင်နေမှုအခြေအနေ၊ (၂၃၀) ကေဗွီဓာတ်အားလိုင်းနှင့် ပျဉ်းမနား ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မှာကြားရာတွင် ဆည်မြောင်းလုပ်ငန်းများ၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး လုပ်ငန်းများနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ဖြန့်ဝေရေးလုပ်ငန်းများအားလုံး စနစ်တကျဖြင့် ပြီးမြောက်ရေး၊ ရေရှည်ခိုင်ခံ့ရေး၊ စံချိန်စံညွှန်းပြည့်မီရေးတို့အတွက် ကြပ်ကြပ်မတ်မတ် စီမံဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လုပ်ငန်းခွင်အတွင်း သွားရောက်၍ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း၊ ပင်မကျောက်ဖြည့်တမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေအားလျှပ်စစ်စက်ရုံအဝင် ဥမင်ဖောက်လုပ်ခြင်းလုပ်ငန်း၊ Power House၌ စက်လေးလုံးတပ်ဆင်ခြင်းလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

သတ်မှတ်ကာလအတွင်းပြီးစီး

ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ပျဉ်းမနားမြို့ အရှေ့ဘက် ၁၁ မိုင်ကွာ ပေါင်းလောင်းမြစ်ပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ စီမံကိန်းပြီးစီးပါက လယ်မြေဧက ၃၅၀၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ၈၁၁ ကီလိုဝပ် နာရီသန်းပေါင်းကိုလည်း ထုတ်ပေးသွားနိုင်မည်ဟု သိရသည်။ သတ်မှတ်ကာလအတွင်း ပြီးစီးမည်ဖြစ်ကြောင်းလည်း သိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)သို့ရောက်ရှိကြပြီး တက္ကသိုလ်၊ကောလိပ် ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်(၁) သင်တန်းဆင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့သို့ ရောက်ရှိကြရာ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ် မင်းအောင်လှိုင်နှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်ဧည့်ရိပ်သာသို့ ရောက်ရှိကြသည်။

ထို့နောက် သစ်တောရေးရာ ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က အမျိုးသားကန်တော်ကြီး ဥယျာဉ်တိုးချဲ့မြေနေရာ၌ ပြည်နယ်နှင့်တိုင်းအလိုက် Natural Landmarks များ စီစဉ်ဆောင်ရွက်ရန် စီမံဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဥယျာဉ်ထိန်းသိမ်းမှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်းလှည့်လည်၍ ကန်တော်ကြီးရေအပြည့်သိုလှောင်ထားနိုင်မှု၊ အလှပင်များ စိုက်ပျိုးထားမှု၊ ဥယျာဉ်ကြီးထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေး ဗဟိုဌာနသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ရှင်းလင်းခန်းမ၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့် တာဝန်ရှိသူတို့က မြန်မာနိုင်ငံ၌ ကော်ဖီစိုက်ပျိုးဖြစ်ထွန်းသော ပြည်နယ်၊ တိုင်းများရှိ ကော်ဖီစိုက်ဧကနှင့် စုစုပေါင်း ထွက်ရှိမှုအခြေအနေ၊ ပြင်ဦးလွင်နှင့် နောင်ချိုမြို့နယ် ကော်ဖီဧကတစ်သိန်း တိုးချဲ့စိုက်ပျိုးရေး အစီအစဉ်အရ ပြင်ဦးလွင်မြို့နယ်၌ ကော်ဖီတိုးချဲ့စိုက်ပျိုးရန် မြေ ၅၄၅၇ ဧက ဖော်ထုတ်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ နေရာချထားပေးရာ ၄၈၉၇ဒသမ၂၀ ဧက စိုက်ပျိုးပြီးစီးနေမှု၊ နောင်ချိုမြို့နယ် ဘန့်ဘွေးကုန်းဒေသရှိ မြေနေရာ ၂၈၁၅ဒသမ၃ ဧက၌ နေရာချထားပေးပြီး ယခုအခါ ၁၉၇၅ဒသမ၄၁ ဧက စိုက်ပျိုးပြီးစီးနေမှု၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြင်ဦးလွင်မြို့နယ်နှင့် နောင်ချိုမြို့နယ်အကြား ကော်ဖီဧကတစ်သိန်း ပြည့်မီအောင် စိုက်ပျိုးနေမှု၊ ရေရရှိရေး ဆောင်ရွက်နေမှု၊ ကော်ဖီပျိုးပင်များ ဖြန့်ဖြူးမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပုဂ္ဂလိကကော်ဖီလုပ်ငန်းရှင်များ၏ တင်ပြချက်များကို နားထောင်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကော်ဖီစိုက်ပျိုးခြင်း ကျွမ်းကျင်မှု အကူအညီပေးလျက်ရှိသော FAO ဌာနေကိုယ်စားလှယ် Mr. Tang Zhengping အား နှုတ်ဆက်သည်။

နမူနာဆေးဝါးများကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင် ပရဝဏ်အတွင်း ခင်းကျင်းပြသထားသော မှိုအမျိုးမျိုးနမူနာများ၊ မှိုမှထုတ်လုပ်သော ဆေးဝါးများကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သုတေသနခြံရှိ ကော်ဖီပျိုးဥယျာဉ်မဏ္ဍဒေးမီးယားစိုက်ခင်း၊ ကော်ဖီစေ့ခွံချွတ်စက်နှင့် ကော်ဖီသီးနှံ ဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ရှိ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးအောင်နှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ပရဆေးဥယျာဉ်ထူထောင်

ထို့နောက် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ်က ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုး၊ ဝမ်းကိုက်ဝမ်းလျှောရောဂါများ တိုင်းရင်းဆေးပင်များဖြင့် သုတေသနပြုဆေးဝါးထုတ်လုပ်ရန်စမ်းသပ်နေမှု၊ ပြည်နယ်တိုင်းများမှ ဆေးဖက်ဝင် ပရဆေးပင် ၄၄၉ မျိုးစုဆောင်းထားမှု၊ သုတေသနလုပ်ငန်းများအတွက် ပညာရှင်များစုဆောင်းမှုလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သုတေသနပြုမှုနှင့် ပရဆေးဥယျာဉ် စနစ်တကျ ထူထောင်ရေးအတွက် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)ပရဆေးဥယျာဉ်အတွင်း ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇန်နဝါရီ ၃၀ရက် ညပိုင်းတွင် ပျဉ်းမနားမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးခန်းမ၌ ရမည်းသင်းခရိုင်ဦးစီးမှူး၊ ခရိုင်အတွင်းရှိ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း၊ ပျော်ဘွယ်မြို့နယ်များမှ ဦးစီးမှူးများနှင့်တွေ့ဆုံသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရမည်းသင်းခရိုင်ဦးစီးမှူး ဦးမောင်ကိုနှင့် မြို့နယ်ဦးစီးမှူးများက ခရိုင်နှင့်မြို့နယ် ရုံးများက လုပ်ငန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရုပ်သံထုတ်လွှင့်မှုတင်ပြ

ထို့နောက် ပျဉ်းမနားမြို့ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ စက်ရုံမှူးက ရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ မြို့နယ်သုံးမြို့နယ်သို့ ရုပ်သံအစီအစဉ်ထုတ်လွှင့်ပေးနေမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ဝန်ထမ်းများအနေဖြင့် ပြည်သူကို အသိပညာပေးလုပ်ငန်းများလုပ်ကိုင်ရာတွင် လုပ်ငန်းများသွက်လက်ထက်မြက်ရေး၊ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ တိုးတက်အောင်ဆောင်ရွက်ကြရေး မှာကြားသည်။

(သတင်းစဉ်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဘဂ္ဂဒက်ရှိ ဒတ်ချ်သံရုံး ဒုံးကျည်နှစ်ခင်းထိမှန်

ဘဂ္ဂဒက် ဇန်နဝါရီ ၃၁

ဘဂ္ဂဒက်တွင်ရှိသော ဒတ်ချ်သံရုံးသောကြာနေ့ညက ဒုံးကျည်နှစ်စင်းဖြင့် အတိုက်ခံရကြောင်း၊ ထိခိုက်သေဆုံးခြင်းမရှိကြောင်း ဒတ်ချ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာတီနီဒီဟန်းက အတည်ပြုပြောကြားသည်။

လက်နက်ငယ်များ၊ စိန်ပြောင်းများဖြင့်ပစ်ခတ်ခဲ့ပြီးနောက် ဒတ်ချ်သံရုံးအနီး၌ သောကြာနေ့ညက ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်တပ်ဖွဲ့ ပြောခွင့်ရှိသူက ပြောကြားသည်။ သည်ဟိဂ်မြို့တွင် ဒတ်ချ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရှိသူ မာတီနီဒီဟန်းက သောကြာနေ့ ဘဂ္ဂဒက်ဒေသစံတော်ချိန် ၂၀နာရီတွင် ဒတ်ချ်သံရုံးကို ဒုံးကျည်နှစ်စင်းထိမှန်ခဲ့ကြောင်း၊ သံရုံးထဲ၌ မည်သူမျှမရှိသဖြင့် ဒဏ်ရာရသူမရှိကြောင်း ပြောဆိုသည်။ ၎င်းက ဆက်လက်၍ ယခုတိုက်ခိုက်မှုတွင် နယ်သာလင်နိုင်ငံပစ်မှတ်ဖြစ်သည်မှာ အထင်အရှားဖြစ်ကြောင်း ဆက်လက်ပြောဆိုသည်။

ရွှေ့ပြောင်း

အီရတ်ကို ဆင်နွှဲသည့်စစ်ပွဲ ဒတ်ချ်အစိုးရက ထောက်ခံခဲ့ပြီးအီရတ်နိုင်ငံ၏ အယ်လ်မူသန်နာပြည်နယ်တွင်ဒတ်ချ်တပ်ဖွဲ့ဝင်၁၂၀၀ကို ချထားခဲ့သည်။ ဒတ်ချ်သံရုံး၌ ပုံမှန်အားဖြင့် လေးဦးနေသော်လည်း တိုက်ခိုက်မှုဖြစ်ချိန်၌ တစ်ဦးမျှမရှိကြောင်း၊ ထိုလေးဦးကို အမေရိကန် အခြေစိုက်စခန်းသို့ရွှေ့ပြောင်းပေးထားကြောင်း ဒီဟန်းက ပြောဆိုသည်။ ဒတ်ချ်သံတမန်များကို ဆက်ထားမည် သို့မဟုတ်ပြန်ပို့မည်ကိုပြောရန် အချိန်စောသေးကြောင်း ၎င်းကပြောဆိုသည်။ နိုဝင်ဘာလထဲ၌ နယ်သာလင်နိုင်ငံသည် ယင်း၏အီရတ်ရှိ သံတမန်များကို ဂျော်ဒန်သို့ လုံခြုံရေးအတွက် ရွှေ့ပြောင်းခဲ့သည်။ **(အင်တာနက်)**

ဇန်နဝါရီ ၃၁ရက်က မိုဆူးလ်မြို့တွင် ကားဗုံးဖောက်ခွဲ တိုက်ခိုက်သည့်နေရာ၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ကြည့်ရှုစစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်သို့ ကုလသမဂ္ဂအမှုထမ်းများ တဖြည်းဖြည်းပြန်စေလွှတ်ပေးမည် ကုလအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ပြောကြား

အမ္မန် ဇန်နဝါရီ ၃၀

အီရတ်၏လုံခြုံရေး အကဲဖြတ်ချက်သည် ပိုင်နိုင်မှုရှိကြောင်းတွေ့ရှိသည်နှင့် အီရတ်သို့ နိုင်ငံတကာ အမှုထမ်းများကို ကုလသမဂ္ဂက တဖြည်းဖြည်းချင်းပြန်စေလွှတ်ပေးမည်ဟု ထိပ်တန်းကုလသမဂ္ဂအရာရှိတစ်ဦးက ကြာသပတေးနေ့၌ ပြောကြားလိုက်သည်။

မိမိတို့လုပ်ငန်းများ၏ သဘာဝမှာ နိုင်ငံရေးအဆင့်အပေါ်၊ လူသားချင်းစာနာမှုအဆင့်အပေါ် တုံ့ပြန်ဆောင်ရွက်ရကြောင်း၊ စွန့်စားလုပ်ဆောင်ရသည့် အထူးတာဝန်ကို သုညထိလျှော့ချရန်မဖြစ်ကြောင်း ၎င်းအရာရှိက ပြောကြားသည်။ အာနန်သည် လူ ၂၂ဦး သေဆုံးခဲ့သော ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံးချုပ် ဩဂုတ်လ၌ အတိုက်ခံရမှုအပါအဝင် ဗုံးခွဲမှုနှစ်ခုအပြီး၌ ပြီးခဲ့သည့်နှစ်ကုန်ပိုင်းတွင် ကုလသမဂ္ဂအမှုထမ်းများကို အီရတ်မှ ရုပ်သိမ်းခဲ့သည်။

စီစဉ်

ထိုသို့ တိုက်ခိုက်ခံရမှုတွင် ကုလသမဂ္ဂအထူး သံတမန် ဆာဂျီယိုဗီယာရာဒီမဲလိုးလည်း သေဆုံးသူများတွင် ပါဝင်ခဲ့သည်။ ကုလသမဂ္ဂသည် ထိုအချိန်မှ စပြီး ဆိုက်ပရပ်၌ အီရတ်လုပ်ငန်းများ ဆောင်ရွက်ရန် ယာယီ အခြေစိုက်စခန်းကို ထူထောင်ထားရှိခဲ့သည်။ ဂျော်ဒန်နိုင်ငံ၌ ကုလသမဂ္ဂရှိမှုကို အားဖြည့်ရန် စီစဉ်ထားကြောင်း သိရသည်။

မျှော်လင့်

အီရတ်၌ ကုလသမဂ္ဂအတွက် အလုပ်လုပ်နေသော အီရတ် ၁၀၀၀နှင့် နိုင်ငံတကာအမှုထမ်းဒါဇင်ဝက်မျှရှိကြောင်း၊ ကုလသမဂ္ဂ အမှုထမ်းများ အပြည့်အဝ အီရတ်သို့ ပြန်သွားနိုင်ရေး မျှော်လင့်ချက်ဖြင့် အမေရိကန် ဦးဆောင်သော အပေါင်းပါ တပ်ဖွဲ့ အရာရှိများနှင့် ဆွေးနွေးရန် ကုလသမဂ္ဂ ဝန်ထမ်းနှစ်ဦးပါသော လုံခြုံရေးအဖွဲ့သည် မကြာသေးမီက ဘဂ္ဂဒက်သို့ သွားရောက်ခဲ့သည်။ **(အင်တာနက်)**

ရိုက်တာသတင်းစာဆရာနှစ်ဦးကို အမေရိကန်တပ်ဖွဲ့ကဖမ်းဆီးသည့်ကိစ္စ ဖြေရှင်းပေးခြင်းမရှိသည့်အတွက် ပင်တဂွန်ကိုရိုက်တာသတင်းဌာနဝေဖန်တိုက်ခိုက်

ဘဂ္ဂဒက် ဇန်နဝါရီ ၃၀

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက ရိုက်တာဓာတ်ပုံဆရာနှစ်ဦးကို သတ်ဖြတ်ခဲ့ပြီး အခြားသတင်းစာဆရာနှစ်ဦးနှင့် ယာဉ်မောင်းကို ဖမ်းဆီးခဲ့ပြီးနောက် သတင်းထောက်များကိစ္စကို ဖြေရှင်းပေးခြင်းမရှိသည့်အတွက် ရိုက်တာသတင်းဌာနက ပင်တဂွန်ကိုဝေဖန်တိုက်ခိုက်လိုက်သည်။ ဇန်နဝါရီ ၂ရက်၌ ရန်သူများဟု အထင်မှားကာ အမေရိကန်တပ်ဖွဲ့ဝင်များက ဘဂ္ဂဒက်အနောက်ဘက် ဖော်လူဂျာတွင် ရိုက်တာသတင်းစာဆရာ နှစ်ဦးနှင့် ယာဉ်မောင်းတို့ကို ၇၂နာရီဖမ်းဆီးထိန်းသိမ်းခဲ့သည်။သတင်းစာဆရာများကိုလွှတ်ပေးပြီးနောက်ပိုင်း နိုင်ငံတကာဆိုင်ရာ သတင်းဌာနသည် ထိန်းသိမ်းရေးစခန်း၌ ၎င်းတို့မတရားညှဉ်းပန်းနှိပ်စက် ခံရကြောင်းကို အမေရိကန်တပ်ဖွဲ့အား တရားဝင်တိုင်ကြားခဲ့သည်။

ပေးပို့

တိုးတက်မှုတစ်စုံတစ်ရာမရှိခဲ့ကြောင်း ထိုကိစ္စများကိုအမြန်ဖြေရှင်းပေးရန် ချက်ချင်းအရေးယူဆောင်ရွက်ဖို့လိုအပ်ကြောင်း ရိုက်တာသတင်းဌာနထုတ်ပြန်ချက်၌ ဖော်ပြထားပြီး မိတ္တူကို အမေရိကန်ကာကွယ်ရေးဌာနသို့ ပေးပို့ခဲ့သည်။

သေဆုံး

သတင်းစာဆရာများကို ဖမ်းဆီးခဲ့ပြီးနောက် ဗိုလ်မှူးချုပ်မာ့ခ်ကင်မ်မစ်က သတင်းစာဆိုသော အမှတ်အသားပါ အင်္ကျီနက်ဝတ်ဆင်ထားသူ ငါးဦးကပစ်ခတ်ကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်တို့လိုက်လံဖမ်းဆီးသည့်အခါ လေးဦးကို ဖမ်းဆီးမိခဲ့ကြောင်းပြောဆိုသည်။၂၀၀၃ခုနှစ်အတွင်း၌ အီရတ်တွင် သတင်းယူစဉ် အမေရိကန်တပ်ဖွဲ့များ လက်ချက်ဖြင့် ရိုက်တာဓာတ်ပုံဆရာနှစ်ဦးလည်း သေဆုံးခဲ့ကြရသည်။ **(အင်တာနက်)**

ဇန်နဝါရီ ၃၁ ရက်က အင်္ဂလိပ် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မန်ချက်စတာယူနိုက်တက်နှင့် ဆောက်သမ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် မန်ယူမှ တိုက်စစ်မှူး ရူဗင်နစ္စတယ်ရွိုင်းက ထိုးဖောက်ဂိုးသွင်းစဉ်။ (ယင်းပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။) (ဓာတ်ပုံ-အင်တာနက်)

ရေနံပိုက်လိုင်း အက်ကွဲယိုစိမ့်

တီကရစ် (အီရတ်) ဇန်နဝါရီ ၃၁

အီရတ်နိုင်ငံတွင် ရေနံပိုက်လိုင်း တစ်ခုသောကြာနေ့က အက်ကွဲပြီး ရေနံအများအပြား တိုက်ကရစ်မြစ်ထဲသို့ ယိုစီးကုန်ကြောင်း ယခုအကြိမ်မှာ ယခုလအတွင်း ဒုတိယမြောက်ဖြစ်ပွားရခြင်းဖြစ်ရာ အမေရိကန်တပ်ဖွဲ့က ဖြစ်ပွားမှု အကြောင်းရင်းကို ရှာဖွေဖော်ထုတ်လျက်ရှိကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ယင်းပိုက်လိုင်းအက်ကွဲပေါက်မှာ ဘိုင်အီမြို့ မြောက်ဘက်မှ တိုက်ကရစ်မြစ်ကိုဖြတ်ကျော်သည့် မြစ်အလယ်တည့်တည့်တစ်နေရာတွင်ဖြစ်ကြောင်း၊ ပိုက်ဆက်မှု မကောင်းခြင်းကြောင့် ဖြစ်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

သေဆုံးခဲ့ကြသော အာကာသယာဉ်မှူးများနေ့သတ်မှတ်

ဝါရှင်တန် ဇန်နဝါရီ ၃၁

နှစ်ပေါင်းများစွာအတွင်း အသက်ဆုံးရှုံးခဲ့ကြသော အာကာသယာဉ်မှူး ၁၇ဦးအတွက် အမေရိကန် နိုင်ငံတစ်ဝန်းရှိ နာဆာအဖွဲ့မှ ဝန်ထမ်းများက ကြာသပတေးနေ့၌ အမှတ်တရနေ့ ကျင်းပခဲ့သည်။ အထူးသဖြင့် လွန်ခဲ့သောနှစ်က ကိုလံဘီယာ အာကာသလွန်းပြန်ယာဉ်၏ နောက်ဆုံးခရီးစဉ်တွင် သေဆုံးခဲ့ကြသော အာကာသယာဉ်မှူး ခုနစ်ဦးအတွက် တက်ဆက်ပြည်နယ် ဟူစတန်မြို့ရှိ ဂျွန်ဆန်အာကာသဌာနတွင် ကျင်းပခဲ့ကြသည်။ ကိုလံဘီယာ အာကာသယာဉ်ချလင်ဂျာနှင့် အပိုလို-၁တို့မှ သေဆုံးခဲ့သော အာကာသယာဉ်မှူးများအတွက် နှစ်စဉ် ဇန်နဝါရီလ၏ နောက်ဆုံး ကြာသပတေးနေ့ကို အမှတ်တရနေ့ အာကာသအောဂျင်စီတွင် သတ်မှတ်ကြောင်း နာဆာအဖွဲ့ အုပ်ချုပ်ရေးမှူးက ကြေညာခဲ့သည်။

အပိုလို-၁ အာကာသယာဉ်သည် ၁၉၆၇ခုနှစ် ဇန်နဝါရီလ၂၇ရက်တွင် ပစ်လွှတ်ရေးစင်ပေါ်၌ မီးလောင်ခဲ့ရာ အာကာသယာဉ်မှူး သုံးဦးစလုံး သေဆုံးခဲ့ပြီး ၁၉၈၆ခုနှစ် ဇန်နဝါရီလ၂၈ရက်တွင် ချလင်ဂျာအာကာသယာဉ် ပစ်လွှတ်စဉ် ပေါက်ကွဲခဲ့ခြင်းကြောင့် အာကာသယာဉ်မှူးခုနစ်ဦး သေဆုံးခဲ့သည်။

(စီစီတီဗွီ)

အမေရိကန်နှင့်အပေါင်းပါတို့၏ ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

အီရတ်တို့၏အဖိုးမဖြတ်နိုင်သောရှေးဟောင်းပစ္စည်းများ အမေရိကန်တပ်များလျစ်လျူရှုခဲ့မှုကြောင့်လုယက်ခံရ

၂၀၀၃ ခုနှစ် မတ်လ ၂၀ ရက်မှစတင်၍ အီရတ်နိုင်ငံကို အမေရိကန်နှင့်အပေါင်းပါတပ်များက မတရားကျူးကျော်တိုက်ခိုက်ခဲ့ရာ အီရတ်တစ်နိုင်ငံလုံးရှိ နေရာအနှံ့အပြားတွင် ပျက်စီးဆုံးရှုံးမှုများအကြီးအကျယ်ဖြစ်ပေါ်ခဲ့ပြီး လုံခြုံရေးကင်းမဲ့ကာ အီရတ်နိုင်ငံ၏ ရှေးဟောင်းပစ္စည်းများထားရှိရာ အမျိုးသားယဉ်ကျေးမှုပြတိုက်၏ အဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှု အမွေအနှစ် ပစ္စည်းများ ခိုးယူလုယက်ခံရမှုကြောင့် ပျောက်ဆုံး ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ဤသို့ဖြစ်ရခြင်းမှာခိုးဆိုးလုယက်မှုများကို အမေရိကန်တို့က လျစ်လျူရှုခဲ့ခြင်းကြောင့်ဖြစ်ပေသည်။

အီရတ် ရှေးဟောင်းဓားတစ်လက်

အီရတ်မှ ပန်းချီကားများ၊ လက်နက်နှင့် အခြားစစ်ဘက် အမှတ်တရ ပစ္စည်းများကို အမေရိကန်သို့တင်ပို့ရန် ကြိုးပမ်းခဲ့သဖြင့် အမေရိကန် လူထုဆက်သွယ်ရေးနှင့် စစ်မှုထမ်းအချို့ အဖမ်းခံခဲ့ကြရသည်ဟု အမေရိကန် အာဏာပိုင်များက ပြောဆိုခဲ့သည်။ (အပေါ်ပုံမှာ အကောက်ခွန်နှင့်နယ်စပ်ကာကွယ်ရေးအဖွဲ့က ဖမ်းဆီးရမိခဲ့သော အီရတ်ရှေးဟောင်း ဓားတစ်လက်ကို အတ္တလန်တာရှိ အကောက်ခွန်ဌာန၌တွေ့ရစဉ်။)

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်ပြတိုက်မှ လုယက်ခံရသည့် ပစ္စည်းများအနက် စစ်ပွဲပြီးနောက် နှစ်လအကြာ ၂၀၀၃ ခုနှစ် ဇွန်၉ ရက်က ဗဟိုဘဏ်ရှိ မိလ္လာကန်အတွင်း ဝှက်ထားသည့် လက်မှုအနုပညာအိုးများကို ပြန်လည်သိမ်းဆည်းရရှိခဲ့ပြီး ဘဂ္ဂဒက်မြို့ အီရတ် အမျိုးသား ပြတိုက်ကြီး၌ပြသထားသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၃ခုနှစ် မေ ၆ ရက်က ဘဂ္ဂဒက်မြို့ရှိ အီရတ်အမျိုးသားယဉ်ကျေးမှုပြတိုက်ရှေ့၌ အမေရိကန်တင့်ကားတစ်စီး ရပ်ထားသည်ကိုတွေ့ရစဉ်။ (အမေရိကန်တပ်များသည် ထိုအမျိုးသားပြတိုက်မှ အီရတ်ယဉ်ကျေးမှု အမွေအနှစ်များအား ခိုးဆိုးလုယက်မှုများကို လျစ်လျူရှုခဲ့ကြသဖြင့် အဖိုးတန် ရှေးဟောင်းအမွေအနှစ်များ ဆုံးရှုံးခဲ့ရသည်။) (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့၏ကျူးကျော်စစ်ပွဲကာလအတွင်း ပျောက်ဆုံးခဲ့ရသောအီရတ်ရတနာပစ္စည်းများ

၂၀၀၃ ခုနှစ် မတ် ၂၀ ရက်တွင် အမေရိကန်တို့ အီရတ်ကိုကျူးကျော်ပြီးနောက်ပိုင်း အီရတ်ပြတိုက်အလုအယက်ခံခဲ့ရသည်။ ကျွမ်းကျင်သူများသည် ယခုအထိ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို အကဲဖြတ်နိုင်စွမ်းမရှိဘဲ ရှိနေသည်။ လုယက်ခံရသော ရှေးဟောင်းပစ္စည်းများအနက် အဖိုးတန်ပစ္စည်းအချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

ရုပ်ပုံ	အမျိုးအစား	ခေတ်ကာလ
	ဘုရင်မက်ခကာလန်ဒတ်၏ ရွှေခမောက်	ဘီစီ ၂၄၀၀
	ရုပ်တုအပေါ်ပိုင်း	ဘီစီ ၂၅၀၀
	ကျောက်ပန်းကန်လုံး	ဘီစီ ၃၀၀၀
	ရွှေခွက်	ဘီစီ ၂၄၀၀
	ရွှေဓားမြောင်	ဘီစီ ၂၄၀၀
	အမျိုးသားရုပ်တု	ဘီစီ ၂၄၀၀
	ပန်းကန်လုံး	ဘီစီ ၃၀၀၀
	ရေကရား	ဘီစီ ၃၀၀၀
	ရုပ်တု	ဘီစီ ၃၀၀၀
	ဆင်စွယ်ရုပ်တု	ဘီစီရှစ်ရာစု

၂၀၀၃ ခုနှစ် ဇူလိုင် ၉ ရက်က အီရတ် ရှေးဟောင်း လက်ရာများမှ အမျိုးအစား ၂၀၀၀ ခန့်ကို ဂျော်ဒန်အကောက်ခွန်ဌာနက ဖမ်းဆီးထိန်းသိမ်းထားပြီး အမ္မန်မြို့တွင် ပြသထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ ဖြိုးရေးကောင်စီလက်ထက်

မွန်ပြည်နယ်ဖွံ့ ဖြိုးတိုးတက်မှုမြင်ကွင်း

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို



မွန်ပြည်နယ် မုဒုံမြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သော လယ်မြေဧက ၁၃၀၀၀ ကျော် ရေပေးဝေလျက်ရှိသည့် ဝင်းဖနုံရေလှောင်တမံ။

ဖွံ့ ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
စိုက်ပျိုးရေး		
တစ်နှစ်ထွက်ရှိစပါးတင်းသန်း	၃၂	၅၀
ငရုတ်ကောင်းဧက	–	၁၀၀၀၀
သစ်ဆိမ့်ပင်ဧက	–	၁၀၄၀၃
ရေပေးအကျိုးပြုဧက	၁၃၅၇	၄၄၀၀၀
ဆည်တမံ	–	၆
ပညာရေး		
တက္ကသိုလ်၊ကောလိပ်	၁	၄
အခြေခံပညာကျောင်း	၁၂၀၅	၁၃၅၄
ကျန်းမာရေး		
ဆေးရုံများ	၇	၁၀
(၁၆ခုတင်မှခုတင်၃၀၀)		
တိုက်နယ်ဆေးရုံ	၁၀	၁၅
တိုင်းရင်းဆေးရုံ	–	၁
တိုင်းရင်းဆေးခန်း	၄	၁၀
ဆက်သွယ်ရေး		
စာတိုက်	၅၈	၆၃
ကြေးနန်းရုံး	၃	၅
တယ်လီဖုန်းအိတ်ချိန်း	၁၁	၂၆
တယ်လီဖုန်း	၂၄၉၀	၇၆၄၇

ဖွံ့ ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
လမ်းပန်းဆက်သွယ်ရေး		
လမ်းမိုင်	၉၈၈	၁၅၆၄
ရထားလမ်းမိုင်	၁၈၂	၂၁၃
တံတား(ပေ ၁၈၀ အထက်)	၃	၆
ပြန်ကြားရေး		
ထပ်ဆင့်လွှင့်စက်ရုံ	၃	၁၄
ပြန်/ဆက်ရုံး	–	၁၀
စာကြည့်တိုက်	–	၁၀
လျှပ်စစ်ဓာတ်အား		
ဒီဇယ်၊ဓာတ်ငွေ့၊ရေအား	၁၆	၁၈

ပြည်နယ်နှင့် တိုင်းများသို့ ဆက်သွယ်ပြောဆိုမှု လွယ်ကူစေရေးအတွက် ကျိုက္ခမီ မြို့တွင် တည်ဆောက်ထား သည့် အော်တိုတယ်လီဖုန်း ဆက်သွယ်ရေး စခန်း။

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် အထောက်အကူပြုလျက်ရှိသည့် ပဒုမ္မာ ဆပ်ပြာစက်ရုံကြီးကိုဤသို့တွေ့ရသည်။

သံလွင်တံတား (မော်လမြိုင်)

သံလွင်တံတား(မော်လမြိုင်)မှာ ပင်မရေလယ်တိုင် ၂၂ တိုင်အနက် တိုင် ၂၀ မှာ လုံးဝပြီးစီးနေပြီး နှစ်တိုင်မှာလည်း အချောသပ်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ တံတားကြီးတစ်စင်းလုံးအနေဖြင့်တည်ဆောက်ပြီးစီးမှုမှာ ၇၀ ရာခိုင်နှုန်းဖြစ်သည်။ တံတားကြီးပြီးစီးပါက မြန်မာနိုင်ငံတွင် အရှည်ဆုံးနှင့် အကြီးဆုံးတံတားကြီးဖြစ်ပြီး မြန်မာ့အင်ဂျင်နီယာသမိုင်းတွင် ဂုဏ်ပြုမှတ်တမ်းတင်ရမည့် တည်ဆောက်ရေးလုပ်ငန်းကြီး ဖြစ်သည်။

စည်းလုံးချစ်ကြည် ရှေ့ပြည်သစ်ဆီသို့

ပင်လုံညီလာခံတွင် မြဲမြဲခိုင်မာစွာ ရှင်သန်လာခဲ့သော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် လွတ်လပ်ရေးအတွက် ထက်မြက်စူးရှသော၊ ထိရောက်သောခွန်အား ဖြစ်ခဲ့သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ခွန်အားဖြင့် နယ်ချဲ့ဗြိတိသျှတို့၏ ကိုလိုနီထမ်းပိုးကို ရိုက်ချိုး၍ လွတ်လပ်ရေးကို ရယူခဲ့သည်။ တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို နယ်ချဲ့ဗြိတိသျှတို့က သွေးခွဲသပ်လျှိုရန် အကြိမ်ကြိမ် လုပ်ကြံခဲ့သော်လည်း အချည်းနှီးဖြစ်ခဲ့ပြီး နှစ်ပေါင်းထောင်ချီလျက် ဥမကွဲသိုက်မပျက် ပေါင်းဖက် နေထိုင်လာခဲ့သည့် တိုင်းရင်းသားတို့သည် အရေးကြီးတော့ သွေးနီးလာခဲ့ကြသည်။

ထို့နောက် မြန်မာတိုင်းရင်းသားပြည်သူတို့၏ အသက် သွေးချွေးတို့ ရင်းနှီး၍ ရယူတည်ဆောက်ခဲ့ရသော လွတ်လပ်ရေး မီးရှူးတန်ဆောင်သည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဂုဏ်ရောင်ရှန်းတင့်လျက် လင်းလက်စွာတောက်ပခဲ့သည်။ တိုင်းရင်းသား ပြည်သူတို့၏ စည်းလုံးညီညွတ်ရေးခွန်အားဖြင့် တည်ဆောက်ရယူခဲ့သည့် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ကမ္ဘာ့အလယ်တွင် ဝင့်ထည်ခိုင်ခံ့စွာ ရပ်တည်လာခဲ့ပြီဖြစ်သည်။

သို့စေကာမူ လွတ်လပ်ရေးရပြီး သုံးလတာကာလမျှသာရှိသေးသည့် လွတ်လပ်ရေးသက်တမ်းနုစဉ်ပင် ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)သည် လက်ဝဲအစွန်းရောက်တရားသေဝါဒဖြင့် လက်နက်ကိုင်တောခိုခဲ့ကြသည်။ ပြည်တွင်းသောင်းကျန်းမှု အစ ဗကပဟု ဆိုရပါလိမ့်မည်။ တစ်ဆက်တည်းမှာပင် ရဲဘော်ဖြူတို့သည်လည်းကောင်း၊ အခြားသော တိုင်းရင်းသား အဖွဲ့အစည်း အချို့သည်လည်းကောင်း လက်နက်ကိုင် ဆန့်ကျင် တိုက်ခိုက်ခဲ့ကြရာ နိုင်ငံနှင့်အဝန်းငြိမ်းချမ်းမှုကင်းမဲ့ခဲ့သည်။ ထိုမှတစ်ဆင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အန္တရာယ်ပေးရန် ခြိမ်းခြောက်လာခဲ့သည်။ ပြည်ထောင်စုပြိုကွဲမည့်အလားအလာများ ဖြစ်ပေါ်လာခဲ့သည်။ ယင်းအခြေ အနေများမှာ ၁၉၄၉ ခုနှစ်မှ ၁၉၅၀ ပြည့်နှစ်ကာလအတွင်း ဖြစ်ပေါ်လာခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အကျပ်အတည်းများပင်ဖြစ်သည်။ ယင်းအကျပ်အတည်းများအား တပ်မတော်နှင့်အတူ ပြည်ထောင်စုကြီးကို မြတ်နိုးကြသော တိုင်းရင်းသားပြည်သူများစွာ၏ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အင်အားဖြင့် ကျော်လွှားဖြေရှင်းနိုင်ခဲ့သည်။ ပြည်ထောင်စုကြီးသည် ဘေးမသီရန်မခဘဲ ငြိမ်းချမ်း ခိုင်မာသောဘဝသို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော် အလံ လွှင့်တူ

မင်္ဂလာရှိသော ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက်တွင် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင် အခမ်းအနားကို ဤသို့ ပြုလုပ်ခဲ့သည်။

ယင်းကာလအတွင်းမှာပင် ၁၉၅၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံထဲသို့ ကျူးကျော်ဝင်ရောက်လာခဲ့သော ကေအမ်တီ တရုတ်ဖြူတို့ကလည်း နယ်ချဲ့သူလျှိုအဖွဲ့အစည်းကြီး၏ ကွန်ရက်ထဲမှ တည်ကြက်သဖွယ် အန္တရာယ်ပေးလာခဲ့သည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ တပ်မတော်သည် ရန်ကြီးအောင်၊ ဘုရင့်နောင်၊ နဂါးနိုင်၊ မဲခေါင်စသော စစ်ဆင်ရေးကြီးများဖြင့် ကေအမ်တီတရုတ်ဖြူတို့၏ ကျူးကျော်မှုကို တွန်းလှန် ချေမှုန်းခဲ့ရသည်။ အခြားတစ်ဖက်ကလည်း နိုင်ငံရေးအရ သံခင်း တမန်ခင်းဖြင့် ကုလသမဂ္ဂသို့ နယ်ချဲ့သူလျှိုတို့၏ လုပ်ကြံမှုအား အထောက်အထားအခိုင်အမာဖြင့် တိုင်ကြားအရေးယူဖြေရှင်းခဲ့ရသည်။

ယင်းသို့ ကေအမ်တီ တရုတ်ဖြူများက မြန်မာနိုင်ငံအတွင်းသို့ ကျူးကျော် ဝင်ရောက်မှုကို နိုင်ငံတော်က စစ်ရေး၊ နိုင်ငံရေးနည်းလမ်းများဖြင့် ကာကွယ်တားဆီးတွန်းလှန်ချေမှုန်းခဲ့ရသကဲ့သို့ ပြည်တွင်းနိုင်ငံရေးအခြေအနေ ရှုပ်ထွေးမှုကိုလည်း ရင်ဆိုင်ဖြေရှင်းခဲ့ရသည်။ နိုင်ငံတကာ နယ်ချဲ့သူလျှိုများသည် နိုင်ငံတကာ ပြည်တွင်းရေးများတွင် သံခင်းတမန်ခင်း နည်းလမ်းများ၊ စီးပွားရေးအထောက်အပံ့ နည်းလမ်းများ၊ ပညာရေးနှင့်ဝါဒ ဖြန့်ချိရေးနည်းလမ်းများကို ယင်းတို့၏ ဩဇာခံများဖြင့် ဝင်ရောက်စွက်ဖက်ရန် ကျင့်သုံးခဲ့ကြသည်။ မြန်မာနိုင်ငံတွင်လည်း ဖို့ဒ်ဖောင်ဒေးရှင်း၊ အာရှဖောင်ဒေးရှင်းဟူသော အစိုးရမဟုတ်သည့် အဖွဲ့အစည်း အသွင်ယူလျက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စာပေယဉ်ကျေးမှု နယ်ပယ်များတွင် ဝင်ရောက်စွက်ဖက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အား အန္တရာယ်ပေးခဲ့သဖြင့် နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်းများကို အောင်မြင်စွာ မတည်ဆောက်နိုင်ခဲ့ပေ။ ဥပမာအားဖြင့် ပြည်တော်သာ စီမံကိန်းအား နိုင်ငံတကာနယ်ချဲ့ သူလျှိုတို့၏ အကြံဉာဏ်ဖြင့် ချမှတ်အကောင်အထည်ဖော်ခဲ့ရာတွင် အောင်မြင်မှုမရခဲ့ဘဲ နိုင်ငံနှင့် ပြည်သူတို့ကို ဆင်းရဲတွင်းနက်စေခဲ့သည်။

ဤတွင် ဖဆပလအစိုးရအတွင်း အချင်းချင်း ပဋိပက္ခဖြစ်လာခဲ့သည်။ ၁၉၅၈ခုနှစ်တွင် ဖဆပလအဖွဲ့သည်တည်မြဲ သန့်ရှင်းဟူ၍နှစ်ခြမ်းကွဲခဲ့ခြင်း၊ အစိုးရ အာဏာရရှိရေးအတွက် ပြည်သူ့လွှတ်တော်တွင် တည်မြဲ ဖဆပလနှင့် သန့်ရှင်းဖဆပလတို့ အားပြိုင်ခဲ့ကြရာ သန့်ရှင်းဖဆပလက အတိုက်အခံ ပမညတနှင့်ပူးပေါင်းပြီး အနိုင်ရရှိခဲ့ခြင်း၊ သန့်ရှင်းဖဆပလ အစိုးရသည် ပြည်တွင်းနိုင်ငံရေး ပဋိပက္ခကြောင့် အကြမ်းဖက်မှုများ မင်းမဲ့စရိုက်များ ဖြစ်ပွားလာသည်ကို တားဆီးနိုင်မှုမရှိခြင်း စသော ပြဿနာများကို ရင်ဆိုင်လာခဲ့ရပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက် လာစေခဲ့သည်။ ပြည်ထောင်စု ပြိုကွဲနိုင်သော နိုင်ငံရေးပြဿနာများ ဖြစ်ပေါ်လာခဲ့သည်။ ယင်းအခြေအနေများအား သန့်ရှင်းဖဆပလအစိုးရသည် ဖြေရှင်းနိုင်စွမ်းမရှိတော့သဖြင့် ၁၉၅၈ ခုနှစ် စက်တင်ဘာ ၂၈ ရက်နေ့တွင် တပ်မတော်သို့ ပြည်သူ့လွှတ်တော်မှတစ်ဆင့် အိမ်စောင့်အစိုးရဖွဲ့စည်းပြီး နိုင်ငံတော်ကို ယာယီတာဝန်ယူ ဦးဆောင်ပေးရန် လွှဲအပ်ခဲ့သည်။ တပ်မတော်သည် အိမ်စောင့်အစိုးရကို ဖွဲ့စည်းပြီး ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် လျင်မြန် သွက်လက်စွာ အရေးယူ ဆောင်ရွက်ခဲ့သည်။ ပြည်သူတို့၏ စားဝတ် နေရေးကို သက်သာ ချောင်ချိရန် ဆောင်ရွက်နိုင်ခဲ့သည်။ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံ ဥပဒေနှင့်အညီ လက်နက်ကိုင် အဖွဲ့အစည်းများကို ပြန်လည် ပြုပြင်ဖွဲ့စည်းပေးနိုင်ခဲ့သည်။ ယင်း နောက်

တို့သွေး တို့သား တို

၁၉၆၀ ပြည့်နှစ်ဖေဖော်ဝါရီ ၆ ရက်တွင် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၉ ရက်တွင် လူမျိုးစု လွှတ်တော် ရွေးကောက်ပွဲကို လည်းကောင်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများအဖြစ် ကျင်းပပေးပြီး အနိုင်ရရှိသော သန့်ရှင်းဖဆပလ (ပထစ)အစိုးရအား ဧပြီ ၄ ရက်နေ့တွင် အာဏာလွှဲပြောင်းပေးအပ်ခြင်းဖြင့် ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အတွင်း ဖြစ်ပွားခဲ့သော နိုင်ငံရေး အကျပ်အတည်းများကို ဖြေရှင်းနိုင်ခဲ့သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုမပြိုကွဲရန် ကာကွယ်စောင့်ရှောက်နိုင်ခဲ့သည်။ ပြည်ထောင်စုကြီး ပြိုကွဲမည့် အန္တရာယ်များအား ဖယ်ရှားနိုင်ခဲ့သည်။

သို့သော်လည်း ပထစအစိုးရသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တာဝန်ခွဲဝေမှုမှတစ်ဆင့် ပထစ အဖွဲ့၏ နိုင်ငံရေး၊ စည်းရုံးရေးသည် ဂိုဏ်းဂဏအစွဲအလမ်းများ၊ ပုဂ္ဂိုလ်ရေးအုပ်စုဖွဲ့ ဩဇာထူထောင်မှု များဖြင့် ဦးဗိုလ်အုပ်စု၊ သခင်အုပ်စုဟူ၍ ပါတီတွင်းကြီးမားသော ပဋိပက္ခများ ဖြစ်လာခဲ့သည်။ ထို့ပြင် ရွေးကောက်ပွဲ နှုတ်ကတိလွန်မှုများကြောင့်လည်း ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့သည်။ တိုင်းရင်းသားအချင်းချင်း သံသယဝင် အထင်လွဲမှားပြီး စည်းလုံးညီညွတ်ရေး ပြိုကွဲရန် ဖန်တီးပေးသကဲ့သို့ဖြစ်လာခြင်းတို့သည် ပထစအစိုးရအတွက် နိုင်ငံရေး၊ စည်းရုံးရေး ကျဆင်းလာစေခဲ့သည်။ ပြည်သူတို့၏ ယုံကြည် ထောက်ခံမှု ပျက်ပြားလာစေခဲ့သည်။

ယင်းအခြေအနေကို အခွင့်အရေးအဖြစ် အသုံးချလာခဲ့သော

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို

ဂုဏ်ပြုဆောင်းပါးနှင့် သမိုင်းပုံရိပ်လွှာ

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီအား ဤသို့ ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်ခဲ့သည်။

...ား တို့အင်အား

ကြယ်ဖြူ

နိုင်ငံတကာ နယ်ချဲ့သူလျှိုအဖွဲ့သည်ပဒေသရာဇ် အခွင့်အာဏာကို မစွန့်လိုကြသော စော်ဘွားအချို့နှင့် လူမျိုးရေး အစွန်းရောက် တိုင်းရင်းသား နိုင်ငံရေး အဖွဲ့အစည်းအချို့ကို ဆက်သွယ်ပြီး ပြည်ထောင်စုမှ ခွဲထွက်ရန် စည်းရုံး လာခဲ့သည်။ ပထစအစိုးရသည် ယင်းပြဿနာကို ပြတ်သားစွာ မဖြေရှင်းနိုင်ဘဲ အချိန်ဆွဲရေးကို ဦးတည်ပြီး ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်မှ ၂၈ ရက်နေ့အထိ ပြည်မ ပြည်နယ် ခေါင်းဆောင်များ နှီးနှောဖလှယ်ပွဲ ကျင်းပပေးခြင်းဖြင့် နှစ်သိမ့် ချော့မော့ရန် ကြိုးပမ်းခဲ့သည်။

သို့သော်လည်း အခြေအနေအရပ်ရပ်သည် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးနှင့် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးကို အန္တရာယ်ပေးရန် ခြိမ်းခြောက်လာခဲ့သဖြင့် ၁၉၆၂ခုနှစ် မတ်လ ၂ ရက်နေ့တွင် တပ်မတော်သည် တော်လှန်ရေးကောင်စီကို ဖွဲ့စည်းပြီး နိုင်ငံတော်တာဝန်ကို လွှဲပြောင်း ရယူထိန်းသိမ်းခဲ့ရသည်။

ထို့နောက် တော်လှန်ရေးကောင်စီသည် လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်နေကြသော အဖွဲ့အစည်းများအား တွေ့ဆုံဆွေးနွေးခြင်းဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရယူတည်ဆောက်ရန် ၁၉၆၃ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။ အလံဖြူ ကွန်မြူနစ်ပါတီ (ဗကပ)၊အလံနီကွန်မြူနစ်ပါတီနှင့် အခြားသောင်းကျန်သူအဖွဲ့ခြောက်ဖွဲ့ အပါအဝင် စုစုပေါင်းရှစ်ဖွဲ့သည် တော်လှန်ရေးကောင်စီနှင့် လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံဆွေးနွေးခဲ့ကြသော အဖွဲ့များအနက် စောဟန်တာသာမွေး ခေါင်းဆောင်သော ကေအာရ်စီအဖွဲ့နှင့်သာ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုအောင်မြင်ခဲ့သည်။

တော်လှန်ရေးကောင်စီသည် တလုံးတစည်းတည်းသော အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ရန်အတွက် နိုင်ငံရေးပါတီအဖွဲ့အစည်းအားလုံးကို ဖျက်သိမ်းစေခဲ့သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလများတွင် ဖဆပလအစိုးရ၊ ပထစအစိုးရတို့သည် ပြည်တွင်းသောင်းကျန်းမှုအန္တရာယ်များ၊ ပါတီအတွင်းအကွဲအပြဲများကြောင့် တိုင်းရင်းသားပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်မပေးနိုင်ခဲ့ချေ။ တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင်လည်း နယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုကြောင့် သံသယပွားကာ အမြင်မှားနေကြသော တောတွင်းလက်နက်ကိုင်များကြောင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို မဆောင်ရွက်နိုင်ပဲရှိခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရသော် ထိုစဉ်က ဒေသအတွင်း အေးချမ်းတည်ငြိမ်မှုမရှိသဖြင့် ဖွံ့ဖြိုးတိုးတက်ရေး လမ်းစများနှင့်လည်း ဝေးနေခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ဒေသတစ်ခု၊ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ရန်မှာ ဒေသအတွင်း အေးချမ်းတည်ငြိမ်ရေး၊ တိုင်းပြည်၏ အေးချမ်းတည်ငြိမ်ရေးသည် လွန်စွာမှ အဓိကကျပေသည်။ ယနေ့ကာလ မြန်မာနိုင်ငံတွင် အေးချမ်းတည်ငြိမ်မှုရရှိခဲ့ခြင်းမှာ တိုင်းရင်းသားညီအစ်ကိုတို့၏ စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာမြဲမြံခဲ့သောကြောင့်ဖြစ်သည်။

လမ်းစဉ်ပါတီ အစိုးရသည် နိုင်ငံတော်အား ဆိုရှယ်လစ်နိုင်ငံတော်အဖြစ် တည်ဆောက်ရန် ကြိုးပမ်းခဲ့ရာတွင် လူပုဂ္ဂိုလ်တို့၏ အားနည်းချက်များနှင့် လုပ်ငန်းဆိုင်ရာ အားနည်းချက်များ အပါအဝင် နိုင်ငံတကာ ဆိုရှယ်လစ်နိုင်ငံများ၏ ပြောင်းလဲဖြစ်ပေါ်မှု ဂယက်များရိုက်ခတ်လာသဖြင့် ၁၉၈၈ ခုနှစ်အတွင်း ပြည်တွင်းပြည်ပ မြေပေါ်မြေအောက်နှင့် လက်ဝဲလက်ယာနိုင်ငံရေး အုပ်စုများက ပြည်ထောင်စု ပြိုကွဲအောင် စေ့ဆော်ဖန်တီးလာခဲ့သည်။ နိုင်ငံတော်သည် ဆူပူမှုအရေးအခင်းကို ရင်ဆိုင်ခဲ့ရသည်။ မင်းမဲ့ စရိုက်များနှင့် အတူ လုယက်ဖျက်ဆီးမှု၊ မီးရှို့မှု၊ ညှဉ်းဆဲသတ်ဖြတ်မှု တို့ဖြင့် အထွေထွေသောနိုင်ငံရေး၊ အုပ်ချုပ်ရေး အကျပ်အတည်းများကို ရင်ဆိုင်လာခဲ့ရသည်။ အဆိုးရွားဆုံးသော အကျပ်အတည်းဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပြိုကွဲမှုသို့ ရှေးရှုလာခဲ့သည်။ ပြည်ထောင်စုပြိုကွဲမည့် အလားအလာများ ဖြစ်ပေါ်လာခဲ့သည်။ ယင်းအခြေအနေများအရ နိုင်ငံတော်တွင် မင်းမဲ့စရိုက်များဖြင့် မှောင်အတိကျလာသကဲ့သို့ ဖြစ်ရသည်။ နိုင်ငံတကာ နယ်ချဲ့သူလျှိုများကလည်း လွှတ်တော်အမတ်၊ သံတမန်ဟူသော အသွင်တုဘဝများခံယူပြီး ဆူပူမှုအရေးအခင်းတွင် သြဇာခံများကို မွေးမြူလာခဲ့ကြသည်။ ငွေကြေးအရ၊ နိုင်ငံရေးအရ၊ အကြံဉာဏ်များအရ သိမ်းသွင်းထောက်ပံ့ စည်းရုံးလျက် သြဇာခံများကို လမ်းညွှန်ခဲ့ကြသည်။ ဗကပအုပ်စုနှင့် အနွယ်များက နိုင်ငံရေး၊ စစ်ရေးအရ လက်ဦးမှုရယူပြီး နိုင်ငံတော် အာဏာကိုသိမ်းယူရန် စည်းရုံးလှုပ်ရှားလာခဲ့သည်။

ယင်းအခြေအနေအရပ်ရပ်ကြောင့် တပ်မတော်သည် အမျိုးသားရေးတာဝန်အရ ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော်တာဝန်ကို လွှဲပြောင်း တာဝန်ယူဦးဆောင်ခဲ့ရသည်။

ကျူးကျော်သူများကို တွန်းလှန်တိုက်ထုတ်

မြန်မာ့မြေကို ကျူးကျော်ဝင်ရောက်လာသော ကူမင်တန်တို့ကို မြန်မာ့ တပ်မတော်က တွန်းလှန်တိုက်ထုတ်ခဲ့ရာ ကူမင်တန်အမှတ်(၉၃)ခြေလျင်တပ်မ အကြွင်းအကျန်များ ၎င်းတို့ ဒေသသို့ ထွက်ခွာရန် ပြင်ဆင်နေစဉ်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော အမျိုးသားရေး လမ်းညွှန်မှုဝါဒကို ချမှတ်ခံယူ ကျင့်သုံးပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ရန်အတွက် ၁၉၈၉ ခုနှစ် နှစ်ဦးပိုင်းမှ စတင်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများနှင့် ငြိမ်းချမ်းရေးရယူခဲ့ရာ ယနေ့ကာလတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၁၇)ဖွဲ့သည် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြပြီ ဖြစ်သည်။ ၎င်းတို့သည် နိုင်ငံတော်တည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားပြည်သူ တို့နှင့်အတူ တက်ကြွစွာ ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြသည်။ ၎င်းတို့သည် **"တို့သွေး တို့သား တို့အင်အား"**များအဖြစ် အရေးကြီး၍ စည်းလုံးညီညွတ်လာခြင်းဖြစ်သည်ဟု ဆိုရန်မှတစ်ပါး အခြားမရှိချေပြီ။

ချုပ်၍ဆိုရလျှင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့သည် အနာဂတ်ကာလတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်တည်လာရေးအတွက် ထက်မြက်ရှင်သန်သော နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့နှင့်အတူ ခိုင်ကျည် မြဲမြံသော ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိနေကြပြီဖြစ်သည်။

ဤနေရာတွင် ပြည်ထောင်စု တိုင်းရင်းသား ညီအစ်ကိုများ၏ စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို သပ်လျှိုဖြိုခွဲတတ်သော၊ ကောက်ကျစ်စဉ်းလဲသော နယ်ချဲ့အပါအဝင် ပြည်တွင်းပြည်ပ အန္တရာယ် များကို အစဉ်မပြတ်သတိချပ်နေကြရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အလံနီ ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့နှင့် ဗမာပြည် ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့တို့သည် တော်လှန်ရေးကောင်စီနှင့် ဆွေးနွေးခြင်းကို ရပ်စဲလိုက်ပြီးနောက် ပြည်သူတို့ကို ကျောခိုင်းကာ ဤသို့တောတွင်းသို့ ပြန်သွားခဲ့ကြသည်။

ဒေသတစ်ခု၊ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ရန်မှာ ဒေသအတွင်း အေးချမ်း တည်ငြိမ်ရေး၊ တိုင်းပြည်၏ အေးချမ်းတည်ငြိမ်ရေးသည် လွန်စွာမှ အဓိကကျပေသည်။ ယနေ့ကာလ မြန်မာနိုင်ငံတွင် အေးချမ်းတည်ငြိမ်မှုရရှိခဲ့ခြင်းမှာ တိုင်းရင်းသား ညီအစ်ကိုတို့၏ စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာမြဲမြံခဲ့သောကြောင့် ဖြစ်သည်။

သာသနာ့ဝိလာသိနီ သိမ်ဆောက်လုပ်ရေး လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်း လှည်းကူးမြို့ မဟာဇေယျမင်းကျောင်းတွင် သာသနာ့ဝိလာသိနီနှစ်ထပ် သိမ်တော်ကြီးကို စုပေါင်းဆောက်လုပ်မည်ဖြစ်ပါသောကြောင့် လှူဒါန်းလိုသော သိမ်အလှူရှင်များသည် ဆရာတော် ဦးကောဝိဒါဘိဝံသ(ဒွိပိဋကဓရ) ဖုန်း-၆၂၉၄၈၃၊ ဦးလှအေး(ဥက္ကဋ္ဌ)ဖုန်း-၇၂၆၂၆၉၊ ဦးမင်းလွင်(အတွင်းရေးမှူး)ဖုန်း-၀၉၉၉-၂၂၄၃၀၊ ဦးအောင်ကို (ဘဏ္ဍာရေးမှူး) ဖုန်း-၂၅၂၆၀၁၊ ဦးဇော်မြင့်(နာရိယာ)(ပြန်ကြားရေးမှူး)ဖုန်း-၂၂၀၈၃၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

သားငါးပွံ့ဖြိုး ပြည်အကျိုး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရွှေပြည်သာမြို့နယ် အမှတ်(၄)လမ်းမကြီးအရှေ့ဘက်ရှိ မွေးမြူရေးနှင့်ရေလုပ်ငန်း၏ လှော်ကားအစာစပ်စက်ရုံအတွင်း ငါးစာမှုန့်နှင့်ငါးစာတောင့်များထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

▼ ***ကျောဖုံးမှ***

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်ရှိ ရန်ကုန် အနောက်ပိုင်း တက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့ တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန် အနောက်ပိုင်း တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ရှင်းလင်းဆောင်၌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၏သင်ကြားစီမံကိန်းစီမံကိန်းစီမံကိန်း

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများတွင် စာသင်အဆောက်အအုံများ ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ရွှေပြည်သာမြို့နယ်ရှိ မွေးမြူရေးနှင့်ရေလုပ်ငန်း၏ လှော်ကားအစာစပ်စက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

အောင်ခြင်းမင်္ဂလာ ဗေဒင်ပြက္ခဒိန်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့က စီစဉ်သော အောင်ခြင်းမင်္ဂလာ အခါပေးဗေဒင်(၂၀၀၄)ခုနှစ် ပြက္ခဒိန်ကို ဖြန့်ချိလိုက်ရာ ပြက္ခဒိန်၌ ပါရှိသည်မှာ မဟာသင်္ကြန်အခါတော်၊ မဟာဝေဒဗ္ဗမန္တန် ရွတ်ဖတ်ရန်နေ့၊ အချိန်များ၊ ကျောင်း၊ အိမ်ဆောက်၊ ပဍ္ဍင်းခံ၊ရှင်ပြု၊ အိမ်သစ်တက်၊ အမည်ပေး၊ ရေတွင်း ရေကန်တူး၊ လက်ထပ်၊ ခရီးသွား၊ လယ်ထွန်ရမည့်နေ့၊ အချိန်များ ဖော်ပြပါဝင်ပြီး လဖွားအလိုက် တစ်နှစ်စာ ဗေဒင်ဟောစာတမ်းများ တွက်ချက်ဖော်ပြထားသည်။ အမှတ် ၁၇၁(မြေညီထပ်) ၂၈ လမ်း (အထက်) ပန်းဘဲတန်းမြို့နယ်သို့ မှာကြားဆက်သွယ်နိုင်ကြောင်းသိရသည်။**(က-ပ)**

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာမခံကော်ပိုရေးရှင်းဥက္ကဋ္ဌအားလက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Export & Credit Insurance Corporation ဥက္ကဋ္ဌ (President) Mr. Tang Ruoxin အား ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Export & Credit Insurance Corporation ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ (Vice President) Mr. Liang Zhidong နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun တို့လည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့

အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး။
- ☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- ☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

စာမျက်နှာ ၁၀ မှ

ရင်းနှီးမြှုပ်နှံမှု၊ စက်ရုံအဆောက်အအုံ၊ စက် ကိရိယာများ တပ်ဆင်ထားမှုနှင့် ထုတ်လုပ်နိုင်မှု စွမ်းအားတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားပြီး စက်ရုံကုန်ကြမ်းများ၊ စက်ရုံထွက် ငါးစာမှုန့်နှင့် ငါးစာတောင့်တို့ကိုလည်းကောင်း၊ စက်စမ်းသပ်လည်ပတ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဖြန့်ဖြူးရောင်းချမည်

အဆိုပါလှော်ကားအစာစပ်စက်ရုံမှာ တစ်နာရီ အစာ ၁၀ တန်ကျ(တစ်ရက်တန် ၁၀၀) ထုတ်လုပ်နိုင်စွမ်းရှိမည့် တိရစ္ဆာန်အစားအစာနှင့် ငါးစာများကို ထုတ်လုပ်ကာ မွေးမြူသူများသို့ ဖြန့်ဖြူးရောင်းချသွားရန် ရည်ရွယ်တည်ဆောက်နေခြင်းဖြစ်သည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် Central Symbol Zone ရှိ Water Plaza တည်ဆောက်ရေးလုပ်ငန်း ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်ဆောင်ရွက်မှုတင်ပြ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား ရန်ကုန်မြို့တော် ကန်တော်ကြီး ဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်အတွင်း Relaxation Zone၊ Education Zone နှင့် Central Symbol Zone များ အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ပြီးစီးမှု၊ ဆက်လက် ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဒီဇိုင်းပုံစံများဖြင့်တင်ပြ

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်နှင့်ဒီဇိုင်းပညာရှင် Mr. John Inada တို့က မိမိတို့သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်နေမှုတို့ကို သက်ဆိုင်ရာ ဒီဇိုင်းပုံစံများဖြင့် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လုပ်ငန်းများ သတ်မှတ်ဒီဇိုင်းများနှင့် အညီ အချိန်မီပြီးစီးရေးနှင့် လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ရှားပါးပရဆေးပြကွက်ကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တော် ကန်တော်ကြီး ဥယျာဉ် Education Zone အတွင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ခေတ်မီ ငါးဥယျာဉ် တည်ဆောက်နေမှု၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် အသိပညာပေး ပြကွက် ကိုးကွက် အနက် ပန်းမန်ပြကွက်နှင့် မြန်မာ့ရှားပါး ပရဆေးပြကွက် တည်ဆောက်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားပြီး ကန်တော်ကြီး ဥယျာဉ်မှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂-၂-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဇေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၅	၇။	အတီးပြိုင်ပွဲ
၈:၂၅	၈။	လမူးတံတား
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let's Go
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၀	၄။	တေးဂီတအစီအစဉ်
၁၆:၅၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(အထူးပြုအားလုံး) (မြန်မာစာ)
၁၇:၀၅	၆။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၁၅	၇။	အကပဒေသာ
၁၇:၃၀	၈။	တေးဂီတအစီအစဉ်(မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၁၇:၄၅	၉။	စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၇:၅၅	၁၀။	(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၈:၀၅	၁၁။	(၅၉)နှစ်မြောက် တပ်မတော်နေ့ ကဗျာပြိုင်ပွဲအကြောင်း သိကောင်းစရာ(အပိုင်း-၁)
၁၈:၁၅	၁၂။	Discovery
၁၈:၃၀	၁၃။	ညနေခင်းသတင်း
၁၉:၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၅။	Milo Success in Soccer
၁၉:၁၀	၁၆။	ရုပ်မြင်သံကြား၊ဗီဒီယိုဥပဒေနှင့် ညီညွတ်မှုမရှိသော ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာဓာတ်ပြားများ ဖျက်ဆီးမှုအခမ်းအနား
၁၉:၁၅	၁၇။	တေးဂီတအစီအစဉ်
၁၉:၂၅	၁၈။	(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၃၅	၁၉။	ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန် ခိုင်မာရန်မှာ ဒို့ဝန်တာ "ဖွံ့ဖြိုးမှုဝေမနော့မြေ" (အပိုင်း-၂)
၂၀:၀၀	၂၀။	ပြည်တွင်းသတင်း
	၂၁။	နိုင်ငံတကာသတင်းများ
	၂၂။	မိုးလေဝသအခြေအနေ
	၂၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"တုံ့မယူလို"** (အပိုင်း-၂၁)
	၂၄။	နောက်တစ်နေ့ အစီအစဉ်
	၂၅။	အစီအစဉ်ပြီး၏။

တိမ်အသင့်အတင့်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် - ၈-၂-၂၀၀၄ မှ ၁၆-၂-၂၀၀၄

အချိန် - နံနက်(၀၉း၀၀)နာရီမှ ညနေ(၁၇း၀၀)နာရီ

နေရာ - တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

(မည်သူမဆို အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။)

ဇန်နဝါရီ ၁၈ရက်က ကျောက်ဖြူအသင်း (ရန်ကုန်မြို့) နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို ရခိုင်ပြည်နယ်ဓမ္မာရုံ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးဘရွှေက ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝိဇ္ဇာဘာသာတွဲဖြင့် မြန်မာတစ်ပြည်လုံး ပထမထူးချွန်စွာအောင်မြင်သူ ကျောက်ဖြူခရိုင်(လေးတောင်) ဇရပ်ပြင် အခြေခံပညာအထက်တန်းကျောင်းမှ မောင်ထွန်းမင်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြန်ကြားရေးဝန်ကြီးဌာန၏ နိုင်ငံတော်သံစုံတီးဝိုင်း သရုပ်ပြတီးခတ်မှု အစီအစဉ်များကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ပြန်ကြားရေးဝန်ကြီးဌာန၏ နိုင်ငံတော်သံစုံတီးဝိုင်းသရုပ်ပြတီးခတ်မှုကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ပြန်ကြားရေးဝန်ကြီးဌာန၏ နိုင်ငံတော်သံစုံတီးဝိုင်း (National Symphony Orchestra)သရုပ်ပြတီးခတ်မှုအစီအစဉ်များကို ကြည့်ရှုအားပေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နံနက် ၉ နာရီခွဲတွင် အမျိုးသားဇာတ်ရုံသို့ ရောက်ရှိရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံတော်သံစုံတီးဝိုင်းကော်မတီဝင်များ၊ ဂီတပညာရှင်များနှင့် တာဝန်ရှိသူများက ကြိုဆိုသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား အမျိုးသားဇာတ်ရုံဧည့်ခန်းမဆောင်၌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်သံစုံတီးဝိုင်း စုဖွဲ့ရန်လမ်းညွှန်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ နိုင်ငံတော်သံစုံတီးဝိုင်း စုဖွဲ့ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက နိုင်ငံတော်သံစုံတီးဝိုင်းတွင် အသုံးပြုသော တူရိယာပစ္စည်းများ ဖြည့်တင်းထားမှု၊ တီးဝိုင်းဦးဆောင်သူ(Conductor)ပညာရှင်ငှားရမ်းလေ့ကျင့်မှုနှင့် နိုင်ငံတော်သံစုံတီးဝိုင်းလေ့ကျင့်တီးခတ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ကြိုဆိုနှုတ်ဆက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အမျိုးသားဇာတ်ရုံ၌ နိုင်ငံတော်သံစုံတီးဝိုင်း သရုပ်ပြတီးခတ်တင်ဆက်မှု အစီအစဉ်များကို ကြည့်ရှုအားပေးရာ နိုင်ငံတော် သံစုံတီးဝိုင်း၏ Conductor & Music Director Mr.Mitch Markowitz နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

သရုပ်ပြတီးခတ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား Conductor ဗိုလ်ကြီးသက်တင်အောင်နှင့် ဦးတင်သိန်းတို့ဦးစီးသော နိုင်ငံတော်သံစုံတီးဝိုင်းဂီတပညာရှင်များက အာဆီယံနိုင်ငံများ၏ အမျိုးသား သီချင်းသရုပ်ပြတီးခတ်တင်ဆက်မှု အစီအစဉ်များကိုလည်းကောင်း၊ Conductor Mr.Mitch Markowitz ဦးဆောင်၍ နိုင်ငံတော် သံစုံတီးဝိုင်းဂီတပညာရှင်များက ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားသီချင်းကို New Orchestral Arrangement ဖြင့် သရုပ်ပြတီးခတ်တင်ဆက်မှု အစီအစဉ်၊ ကမ္ဘာကျော် Conductor ရိုဟမ်ဘတ်၏ Brandeburg Concert No.2 ကို Mr. Mitch Markowitz က Conductor အဖြစ်နှင့် Voilin Solo ကို တီးခတ်လျက် သရုပ်ပြတီးခတ်တင်ဆက်မှုအစီအစဉ်၊ Suhubert ၏ Symphony 8 in D တေးသွား သရုပ်ပြတီးခတ်တင်ဆက်မှု အစီအစဉ်နှင့် Mozart ၏ Symphony No.41ကို သရုပ်ပြတီးခတ်တင်ဆက်မှု အစီအစဉ်များကိုလည်းကောင်း သရုပ်ပြတီးခတ် တင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်သံစုံတီးဝိုင်း၏ Conductor & Music Director Mr. Mitch Markowitz နှင့် ဂီတပညာရှင်များနှင့် နိုင်ငံတော်သံစုံတီးဝိုင်းမှ ဂီတပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ဂီတပညာရှင်များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြပြီး နံနက် ၁၁ နာရီတွင် အမျိုးသားဇာတ်ရုံမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

စင်ထရယ်ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁

၁၉၆၅ ခုနှစ် နောက်ပိုင်းစင်ထရယ် အထက(၁) လသာကျောင်းသားဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကိုဖေဖော်ဝါရီ ၈ ရက် နံနက် ၉နာရီတွင် အထက(၁) လသာ (ဗဟိုစံပြခန်းမ)တွင် ကျင်းပမည်ဖြစ်သည်။ မိတ်ဆုံစားပွဲသို့ ၁၉၅၅မှ ၁၉၈၅ ခုနှစ်အတွင်း လုပ်ကိုင်ခဲ့သော လုပ်သက်ပြည့် အငြိမ်းစား ဆရာ ဆရာမများအား ဖိတ်ကြား၍ ပူဇော်ကန်တော့မည်ဖြစ်သည်။ ပူဇော်ပွဲနှင့် မိတ်ဆုံပွဲသို့ ကျောင်းသားဟောင်းများ တက်ရောက်နိုင်ပြီး ဆက်သွယ်လှူဒါန်းလိုသူများ ဖုန်း-၂၄၅၃၀၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကံထူးရှင်ရွေးချယ်

ရန်ကုန် ဖေဖော်ဝါရီ ၁

(၁၈၁)ကြိမ်မြောက် ကျပ် ၅၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများမှာ အောက်ပါအတိုင်း ဖြစ်သည်။

ကျပ်သိန်း(၃၀၀)အထူးဆု

သ-၅၂၃၇၇၇

ကျပ်သိန်း ၅၀ ဆုများ

ဗ-၇၂၆၇၁၂ ကက-၆၄၇၂၈၃

ယ-၁၈၄၁၇၃ ည-၈၃၈၇၄၂

ပ-၉၆၁၇၃၁ ဠ-၈၆၄၁၅၉

ဖ-၆၄၃၉၄၄ က-၉၆၀၄၇၃

ဆ-၂၇၅၃၁၁ တ-၇၉၂၇၆၅

ကျပ် (၂၅) သိန်းဆုများ

ခ-၅၉၅၆၉၀ ဃ-၁၂၀၀၉၉

တ-၃၄၉၆၈၉ ဏ-၁၂၆၂၉၁

တ-၇၁၆၃၀၀ ဝ-၄၆၄၀၄၁

ရ-၇၈၁၃၄၉ င-၁၆၃၄၉၀

ပ-၉၄၃၃၀၄ ဂ-၅၂၂၆၃၁

ကခ-၂၅၈၇၅၂ ဧ-၅၀၁၄၆၂

ကျပ် သိန်း (၅၀) (မင်္ဂလာစုံတွဲ)

ဧ-၉၃၃၇၄၅ င-၂၃၇၅၄၄

ဝ-၈၆၇၃၃၄ ဠ-၅၄၃၃၁၁

အ-၅၂၃၀၇၆ ဘ-၆၀၇၅၀၅

အ-၇၁၇၀၆၄ ည-၇၀၄၅၉၀

ည-၅၂၃၃၂၇ တ-၇၉၃၄၉၅

ဍ-၈၈၃၉၉၈ ဧ-၈၇၄၉၉၉

ဈ-၆၀၂၁၄၆ စ-၃၉၉၇၂၈

ဠ-၆၂၃၂၇၀ ပ-၉၄၇၂၇၆

ဈ-၅၇၄၉၇၉ ကဂ-၃၆၉၁၇၆

ဏ-၄၆၂၃၆၁

(သတင်းစဉ်)

(၄၁)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲ မတ် ၁၃ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၄ခုနှစ် မတ် ၁၃ရက်မှစ၍ ကျင်းပမည်ဖြစ်သဖြင့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ ရတနာပြပွဲတွင် တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၃ခုနှစ် နိုဝင်ဘာ၂၆ရက်မှ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ၁၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်ဆောင်ရွက်ရန်ဖြစ်သည်။

အရည်အသွေး

ပြည်ပမှရတနာကုန်သည်များအနေဖြင့် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်၊ ကျောက်စိမ်း၊ ပုလဲများကို ဝယ်ယူလိုကြ၍ နှစ်စဉ်ကျင်းပခဲ့သည့် ရတနာပြပွဲများတွင် တက်ရောက်ခဲ့သည့် ရတနာကုန်သည်များအပြင် ပြည်ပမှရတနာကုန်သည် အသစ်များကလည်း (၄၁)ကြိမ်မြောက် ရတနာပြပွဲတွင် ရောင်းချမည့် ကျောက်မျက်ရတနာများအခြေအနေကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ဆက်သွယ်စုံစမ်းလျက်ရှိပြီး ရတနာပြပွဲသို့ တက်ရောက်ရေးစီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်ရတနာများ တင်ပြရောင်းချရရှိသည့် ပြည်ပပို့ကုန်ရောင်းရငွေ (Export Earning) များဖြင့် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရာတွင် အသုံးပြုရန်လိုအပ်သည့် လောင်စာဆီ၊ ယမ်းနှင့် ဆက်စပ်ပစ္စည်းများနှင့် အခြားလိုအပ်သည်များကို ပြည်ပမှဝယ်ယူတင်သွင်းခွင့်ရရှိရေးအတွက် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် သက်ဆိုင်ရာဌာနများသို့ ညှိနှိုင်းတင်ပြဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်သွယ်ဆောင်ရွက်

ထို့ကြောင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များသည် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို အခြေခံရောင်းဈေးများ ညှိနှိုင်းသတ်မှတ်ခြင်းနှင့် အခြားလိုအပ်သည်များကို သတ်မှတ်ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွမ်းခြံကုန်းမြို့မဟာတိလောကမှန်ကူသွန်းဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ မြို့ကျက်သရေဆောင် မဟာတိလောကမှန်ကူသွန်းဘုရားကြီး ရာပြည့်အကြို(၉၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်မှ လပြည့်ကျော် ၂ ရက်ထိ ကျင်းပမည်ဖြစ်သည်။

တပေါင်းလဆန်း ၁၃ ရက်တွင် ဗုဒ္ဓပူဇနိယပွဲတော်အား အသံမစဲမဟာပဋ္ဌာန်းဒေသနာတော်ကြီးဖြင့် ဖွင့်လှစ်မည်ဖြစ်ပြီး တပေါင်းလပြည့်နေ့တွင် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနား၊ သံဃာတော်များအား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ တစ်နှစ်တာကာလအတွင်း လှူဒါန်းခဲ့ကြသောကောင်းမှုကုသိုလ်အစုစုအတွက် ရေစက်သွန်းချအမျှအတန်းပေးဝေခြင်း၊ ဆွမ်းဆန်တော်များ လောင်းလှူခြင်းများ ကျင်းပသွားမည်ဖြစ်သည်။

လှူဒါန်းနိုင်

၁၃၆၆ ခုနှစ် နှစ်တစ်ရာပြည့်ပွဲတော်အမီ မဟာတိလောက မှန်ကူသွန်းဘုရားကြီးနှင့် ရွှေသာလျောင်း ရုပ်ပွားတော်မြတ်အား လုံးတော်ပြည့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြမည်ဖြစ်ပါ၍ စေတနာရှင်အများပြည်သူများက ဂေါပကအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန် ကုန်စည်ပြပွဲ-၂၀၀၄ ဆက်လက်ခင်းကျင်းပြသ

ရန်ကုန် ဖေဖော်ဝါရီ ၁

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရန်ကုန်ကုန်စည်ပြပွဲ-၂၀၀၄ကို ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းမရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ ယနေ့တတိယနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသလျက်ရှိရာ ကျောင်းသားကျောင်းသူများ၊ ပြည်သူများ၊ လုပ်ငန်းရှင်များ လာရောက် လေ့လာ ကြည့်ရှုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယင်းပြပွဲတွင် ရန်ကုန် ကမာရွတ်မြို့နယ် မာလာလမ်းသွယ်၌ ပင်ရင်းဌာနဖွင့်လှစ်ထားသော Great Summit Int'°l°Co., Ltd.နှင့် ဝင်းရွှေရည်ကုမ္ပဏီတို့မှ တင်သွင်းဖြန့်ချိသော အရည်အသွေးမြင့်မားသည့် ကိုရီးယားလာမီနိတ်ကြမ်းခင်းပြားများပြခန်း၊ M.K Trading Co., Ltd. မှ ထုတ်လုပ်ဖြန့်ဖြူးသော Sonia Shampoo(Acacia) (အစိမ်းရောင်)နှင့် Sonia (အပြာရောင်) (Sapindus Emarqinatus) Shampoo ပြခန်း၊ အခြားကုန်ပစ္စည်းမျိုးစုံနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပြင် Star Entertainment၏ ကုန်ပစ္စည်းဆိုင်ရာသရုပ်ပြပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များ ပူးတွဲပြီး ဖေဖော်ဝါရီ၂ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအတွင်း ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁ ရက်က ပထမအကြိမ် ဘင်း(မ်)စတက်နိုင်ငံများ လူငယ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလူငယ်အသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။ (မြန်မာ့အလင်း)

✻ ၂၀၀၃ ခုနှစ်မှ

'အနှစ်အလှခိုင်ကျည် ချစ်မဝနိုင်ပြီနှင့် အခြားကဗျာများ'က ဒုတိယ၊ ရွှေဟသာ်(မန္တလေးတက္ကသိုလ်)ရေးသားသည့် 'အတွေ့အမြင်နှင့် အတွေးအမြင်ကဗျာများ'က တတိယရရှိကြသည်။

ဝတ္ထုရှည်ဆုတွင် ပုသိမ်အောင်သန်းဦး ရေးသားသည့် 'ကန္တာရကျောက်တောင်ကြီးများကို ဖောက်ထွင်းပြီး မိုးတိမ်ကိုနင်းမည်' စာမူက ပထမ၊ သျှီ(အင်ကြင်း) ရေးသားသည့် 'မေတ္တာသည်သာ' စာမူက ဒုတိယ၊သွဲ့ထားညို(သင်္ကလ) ရေးသားသည့် 'လေကိုဆန်သော ပန်းသဇင်' စာမူက တတိယရရှိကြသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် သိန်းဇော်(ရွှေလီဦး)ရေးသားသည့် 'မရွှေရီ ကျေနပ်ပြီလား' ဝတ္ထုတိုများ စာမူက ပထမ၊ ကျော်ဖုန်းမြင့်(ဓာတုဗေဒ)ရေးသားသည့် 'ချစ်စရာ စားစရာနှင့် အခြားဝတ္ထုတိုများ' စာမူက ဒုတိယ၊ ကိုဇော်ဌေး(ယဉ်ကျေးမှု)ရေးသားသည့် 'သောင်းစုနှစ်၏ အလင်္ကာညများ' စာမူက တတိယရရှိကြသည်။

ကျမ်းစာပေဆုတွင် နီငြိမ်း(အညာတက္ကသိုလ်)ရေးသားသည့် 'မန်လည်စာဆိုတော်' စာမူက ပထမ၊ ထန်လိုင် ရေးသားသည့် 'မြန်မာ့ရိုးရာ သဘာဝအမိုးများ' စာမူက ဒုတိယ၊ သျှင်ထွေးယဉ်(မနုဿ)ရေးသားသည့် 'ကယန်း' စာမူက တတိယရရှိကြသည်။

သုတေသနစာပေဆုတွင် မင်းသျှင်အောင်(တွံတေး)ရေးသားသည့် 'မဟာဗုဒ္ဓဝင် ကွက်စိပ်ဓာတ်ထုပ်များနှင့် ဒဂုံဆရာညွှန့်' စာမူက ပထမ၊ ဦးဆောင်း(သစ်တော)ရေးသားသည့် 'ရွှေ့ပြောင်းတောင်ယာ' စာမူက ဒုတိယ၊ ရွှေနဂါး တင်ဝင်း ရေးသားသည့် 'ထာဝရတည်မြဲသောစွမ်းအင်' စာမူက တတိယဆုများ အသီးသီးရရှိကြသည်။

ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် ၂၀၀၃ ခုနှစ် တစ်သက်တာစာပေဆုအတွက် စာရေးဆရာမကြီး ဒေါ်ရင်ရင်(စောမုံညင်း)အား ရွေးချယ်လိုက်ကြောင်း သိရသည်။

ပခုက္ကူဦးအုံးဖေ ပညာသင်ဆုနှင့် ယဉ်ကျေးမှုတက္ကသိုလ်မှ ဆုရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ထပ်မံကြေညာပါမည်။ ၂၀၀၃ ခုနှစ်အတွက် စာပေဆုများချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်(တနင်္ဂနွေနေ့)တွင် ပခုက္ကူမြို့၌ ကျင်းပမည်ဖြစ်သည်။

ဆုရရှိသူများသည် စာတည်းမှူးချုပ် စာပေဗိမာန် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၂၅၂၅၆၀၊ ၂၄၀၀၄၈ နှင့် ၃၈၁၄၄၉ တို့သို့ အမြန်ဆုံး ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂-၂-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၂၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ဒုတိယနှစ်(ပထဝီဝင်) (ခ)တတိယနှစ်(ဘောဂဗေဒ)
- ၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၃၅ ၁၆။ လျှပ်တစ်ပြက်
- ၆:၄၅ ၁၇။ မြန်မာ့လက်သီး
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တစ်ရေးချစ်ခွင့်"**(အပိုင်း-၃)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"**(အပိုင်း-၂၄)

မြတ်ဆရာကန်တော့ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

၁၉၉၀၊ ၁၉၉၁၊ ၁၉၉၂၊ ၁၉၉၃၊ ၁၉၉၄ခုနှစ်များ၌ တက္ကသိုလ်ဝင်တန်း အသီးသီးဖြေဆိုခဲ့ကြသည့် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး (တီတီစီ) ကျောင်းသား ကျောင်းသူများ၏ မြတ်ဆရာကန်တော့ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၈ နာရီခွဲတွင် အဆိုပါကျောင်း၏ ခန်းမဆောင်သစ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် ကန်တော့ပွဲကို မပျက်မကွက်တက်ရောက်ကြပါရန်နှင့် သန့်မြတ်ဦး ဖုန်း-၀၉-၅၀-၀၇၀၆၁၊ စိုးထက်ဝင်း ဖုန်း-၀၉-၈၀- ၂၀၈၉၄၊ ခိုင်ဝင်းဖုန်း-၀၉-၈၀-၃၃၀၃၃၊ ကောင်းခ ဖုန်း-၀၉-၈၀- ၃၂၁၁၉၊ အာကာကျော်ဝင်း ဖုန်း-၀၉-၅၀- ၁၅၇၃၃၊ လှမျိုး ဖုန်း- ၆၃၅၈၉၁၊ ဇော်နိုင်သိန်း ဖုန်း-၀၉-၅၀-၀၂၄၆၅၊ အောင်သက်ပိုင် ဖုန်း- ၀၉-၅၀-၀၄၂၇၅၊ ကျော်လှိုင်ဝင်း ဖုန်း-၀၉-၅၀-၀၇၃၉၃၊ အောင်ဘုန်းမြင့် ဖုန်း-၀၉-၅၀-၀၃၆၁၈ တို့သို့ ဆက်သွယ်ပါဝင်ကူညီနိုင်ကြောင်းနှင့် ကျောင်းသားများကို သီးသန့် ဖိတ်စာမပို့ကြောင်း သိရသည်။ **(က-ပ)**

ပြည်နယ်နှင့်တိုင်းဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် ဖေဖော်ဝါရီ ၁

(၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲတွင်လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်းနှင့် အောင်ဆန်းအားကစားပြိုင်ကွင်းတို့၌ ဆက်လက်ကျင်းပသည်။

လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ (ခခ) အုပ်စုမှ စစ်ကိုင်းတိုင်းအသင်းနှင့် မန္တလေးတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ မန္တလေးတိုင်းအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အောင်ဆန်းအားကစားပြိုင်ကွင်း၌ (ခခ) အုပ်စုမှ ရန်ကုန်တိုင်းအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ရန်ကုန်တိုင်းအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ယနေ့ပွဲ

ဖေဖော်ဝါရီ ၂ ရက် ညနေ ၃ နာရီခွဲတွင်လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဧရာဝတီတိုင်းအသင်းနှင့် ကရင်ပြည်နယ်အသင်း၊ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပဲခူးတိုင်းအသင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

သရဖူမဂ္ဂဇင်းဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁

အရှေ့ဖျားအလှ၏ လျှို့ဝှက်ချက် (Apple Cosmetics)၊ တစ်ဖက်လိပ်နောက်ခွေဆံထုံးထုံးနည်း၊အကယ်ဒမီလူမင်းနှင့် တွေ့ဆုံခြင်း၊ စိုင်းစိုင်းခမ်းလှိုင်၊ ပပဝင်းခင်တို့၏ အင်တာဗျူး၊ ဟစ်လရီကလင်တန်၊ ဒေးဗစ်ဘက်ခမ်း အတ္ထုပ္ပတ္တိ၊ ကိုကိုကျွန်းခရီးသွား၊ ဒေါ်ဒဂုန်ခင်ခင်လေး နှစ်တစ်ရာပြည့် မွေးနေ့စသော ဆောင်းပါးများစုံလင်စွာဖြင့် သရဖူမဂ္ဂဇင်း အမှတ် ၂၀၁/၁၅ ဒုထပ်၊ ပန်းဆိုးတန်းလမ်း ရန်ကုန် ဖုန်း- ၂၄၅၂၂၄ က ဖြန့်ချိထားသည်။ **(အပေါ်ဝဲပုံ) (က-ပ)**

ရွှေကျင်နိကာယဝိနည်းစာတော်ပြန်ပွဲကြီးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်း ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ (၈၄)ကြိမ်မြောက် ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲကြီးကို ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးအား ဦးထိပ်ထား၍ ၁၃၆၅ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်၊ ၁၄ ရက်၊ ၁၅ ရက် (ဖေဖော်ဝါရီ ၃၊၄၊၅ ရက်)များတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်း ကျောင်းတော်ရာ ရွှေကျင်တိုက်ကြီးအတွင်းရှိ သာသနာ့လင်္ကာရ မဟာဓမ္မ ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။ စာပြန်သံဃာတော်အပါး ၆၀၀ ခန့် အနက်မှ ၁၀၈ ပါးတို့သည် ဖေဖော်ဝါရီ ၃ ရက်နှင့် ၄ ရက်တို့တွင် ဗဟန်းမြို့နယ်နှင့် ပန်းဘဲတန်းမြို့နယ်တို့သို့လည်းကောင်း၊ သံဃာတော် ၂၁၆ ပါးတို့သည် ၁၀၈ ပါးစီ နှစ်သုတ်ခွဲ၍ ဖေဖော်ဝါရီ ၅ ရက်တွင် လသာမြို့နယ်သို့လည်းကောင်း နံနက် ၇ နာရီခွဲတွင် ဆွမ်းခံကြွရောက်မည်ဖြစ်သည်။ ဖေဖော်ဝါရီ ၆ ရက် (တပို့တွဲလပြည့်ကျော် ၁ ရက်) မွန်းလွဲပိုင်းတွင် စာအောင်ဆုနှင်းသဘင်ကို ကျင်းပမည်ဖြစ်ရာ အလှူရှင်အပေါင်းတက်ရောက်ကြည်ညိုပူဇော်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Myanmar PGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော စိုးကျော်နိုင် (Pan-West)အား ပထမဆုဖလား ချီးမြှင့်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

Gold Uni Golf Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁

Myanmar PGA နှင့် MGF တို့က ကြီးမှူးကျင်းပသော Gold Uni Golf Classic ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်ဂေါက်ကလပ် (ဒညင်းကုန်း) ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ စတုတ္ထနေ့ ၁၈ ကျင်း ကစားအပြီး၌ ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ Myanmar PGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ ရန်ကုန် ဂေါက်ကလပ် အတွင်းရေးမှူး ဦးအေးချိုက နေ့အလိုက် အကောင်းဆုံးရိုက်ချက် (Daily Best) ရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများအား ဆုများကို ချီးမြှင့်သည်။

ယင်းနောက် Myanmar PGA နှင့် MGFဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က စုစုပေါင်းရိုက်ချက် ၂၈၅ ချက်ဖြင့် ဗိုလ်စွဲသွားသော စိုးကျော်နိုင် (Pan-West)၊ စုစုပေါင်းရိုက်ချက် ၂၈၈ ချက်ဖြင့် ဒုတိယရရှိသော အောင်ဝင်း (Y.C.D.C)၊ စုစုပေါင်းရိုက်ချက် အချက် ၂၉၀ ဖြင့် တတိယရရှိသော မြင့်သောင်း (KM Golf Centre)၊ စုစုပေါင်းရိုက်ချက် ၂၉၂ ချက်ဖြင့် စတုတ္ထရရှိသော နန္ဒကျော် (Y.C. D.C)၊စုစုပေါင်းရိုက်ချက် ၂၉၆ ချက်စီဖြင့် ပဉ္စမရရှိကြသော ဇော်ပိုင်ဦး (Pan-West)၊ မင်းနိုင်(Srixon)နှင့် အပျော်တမ်းဂေါက်သီးရိုက်အားကစားသမား သိန်းဇော်မြင့်တို့အား ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ Xie Family Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်က ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော စိုးကျော်နိုင် (Pan-West) အား အထူးဆုကို ချီးမြှင့်သည်။

ထို့နောက် Gold Uni Golf Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော စိုးကျော်နိုင်(Pan-West) အား ဆုကြေးငွေ ချက်လက်မှတ်ကို Gold Uni Jewellery Co., Ltd.မှ Executive ဒါရိုက်တာ Mr. Pitak Chaiprasit က ပေးအပ်ချီးမြှင့်လိုက်သည်။ ယင်းပြိုင်ပွဲကို Gold Uni Jewellery Co., Ltd.နှင့် Xie Family တို့နှင့်အတူ Imperial Jade Purified Drinking Waterတို့က ကူညီ ပံ့ပိုးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွမ်းခြံကုန်းမြို့စာပေဟောပြောပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁

စာဆိုတော်လ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ဆုနှင်းသဘင်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကြီးကြပ်မှုဖြင့် ကွမ်းခြံကုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ဇန်နဝါရီ ၂၅ ရက်ညတွင် အမျိုးသားကျောင်း မြက်ခင်းပြင်၌ ကျင်းပရာ မြို့နယ်အသင်းဥက္ကဋ္ဌ ဦးစံရွှေ (တင်မောင်ထက်-ကွမ်းခြံကုန်း)က နှုတ်ခွန်းဆက်စကား ပြောကြားပြီး အဖွဲ့ဝင် ဦးတင်မြင့်(မောင်နီဒါန်း)က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို ဖတ်ကြားပြီး မောင်မိုးသူ၊ မောင်စိန်ဝင်း (ပုတီးကုန်း)နှင့် ဆရာမင်းလူတို့က စာပေရေးရာများ ဟောပြောကြသည်။ **(က-ပ)**

ပြည်ထောင်စုကျောင်း(၈)မိုင် မရမ်းကုန်း(ရန်ကုန်) အာစရိယပူဇော်ပွဲကျင်းပမည်

(ယခင်)ပြည်ထောင်စုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲ အာစရိယပူဇော်ပွဲကို ၂၀၀၄ ခုနှစ် (ပြည်ထောင်စုနေ့) ၁၂-၂-၂၀၀၄ ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၆ လမ်း အမှတ် ၂၄(ဒီ) ဆရာကြီး ဦးတိုးအောင်၏နေအိမ်၌ ကျင်းပပြုလုပ်ရန် စီစဉ်ထားပါသည်။ ဆရာဟောင်းများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက်ကြွရောက်ပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းနိုင်ရေးအတွက် ဗိုလ်မှူးကြီး ဗဟိန်း(ငြိမ်း) ဖုန်း-၅၅၈၆၇၅၊ ဗိုလ်မှူးမောင်သိန်း(ငြိမ်း) ဖုန်း-၅၇၂၀၁၅၊ ဒေါက်တာဦးအေးဖေ ဖုန်း-၆၄၂၁၅၅၊ ဦးအေးဖေ ဖုန်း-၂၈၁၃၄၇၊ ဦးထွန်းမြင့် ဖုန်း-၂၄၄၃၂၇၊ ဦးဘညွန့်ဦး ဖုန်း-၆၈၄၇၆၁ နှင့် ဦးဝင်းကြည် ဖုန်း-၅၇၃၁၉၀၊ ၂၄၁၇၂၀ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

ဖူဂျီဇီးရော့(ခ်)လေဆာပရင်တာ မိတ်ဆက်ရှင်းလင်းဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁

Fuji Xerox Asia Pacific Pte., Ltd. နှင့် Concordia International Co., Ltd. တို့ပူးပေါင်းစီစဉ်မှုဖြင့် ဖူဂျီဇီးရော့(ခ်)လေဆာပရင်တာအရောင်းကိုယ်စားလှယ်ခန့်အပ်ပွဲနှင့် မိတ်ဆက်ရှင်းလင်း ဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ Grand Plaza Park Royal Hotel အစည်းအဝေးအခန်းအမှတ်(၃)၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ Fuji Xerox (ICO), CoE marketing (Singapore & Malaysia) နှင့် Concordia တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အထူး ဖိတ်ကြားထားသည့် သတင်းနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ Concordia International မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာ သန်းဝင်းက ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဖူဂျီဇီးရော့(ခ်) လေဆာပရင်တာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဖူဂျီဇီးရော့(ခ်)တရားဝင်အရောင်းကိုယ်စားလှယ် ခန့်အပ်ခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဖူဂျီဇီးရော့(ခ်)အရောင်း ပြခန်းဆားဗစ်စင်တာနှင့် Call Centre ဖွင့်လှစ်ထားရှိမှုကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

(အပေါ်ပုံ) (က-ပ)

ဂုဏ်ပြုလွှာပေးအပ်

ဇန်နဝါရီ ၂၃ ရက်က ဒလမြို့နယ်ပညာရေးမိသားစု ပညာရည်ချွန် ဆုပေးအပ်ပွဲ အခမ်းအနားတွင် ဆုရ ကျောင်းသားကျောင်းသူများအတွက် စာအုပ်နှင့်စာရေးကိရိယာများ လှူဒါန်းသော ဦးအောင်မျိုးခင်အား မြို့နယ်ပညာရေးမှူး ဦးသန်းလှိုင်က ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကောင်းသန့်စာပေ အမှတ် ၂၀၉ (ပ-ထပ်/ယာ) ၃၈လမ်း (အထက်) ရန်ကုန် မြို့ ဖုန်း- ၇၂၂၀၅၃ က ဖြန့်ချိသည့် ဒေါက်တာသိန်းလွင်၏ မိဘများအတွက် အရိပ်ပြစကားလက်ဆောင်မွန်များ စာအုပ်မျက်နှာဖုံး။ (က-ပ)

ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။
- (ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူဖြစ်ရမည်။
- (ဂ) ၁- ၂ -၂၀၀၄ ရက်နေ့တွင် အသက် ၁၆ နှစ်ပြည့်ပြီး ၁၉ နှစ် ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာ စစ်ဌာနချုပ်များတွင် ၉ - ၂-၂၀၀၄ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၄- ၂-၂၀၀၄ ရက်နေ့မှ ၄- ၃-၂၀၀၄ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက် စာတမ်းများနှင့်အတူ လူကိုယ်တိုင် လာရောက်သတင်းပို့ လျှောက်ထားရမည်-
- (က) နိုင်ငံသားစိစစ်ရေး လက်မှတ်။
- (ခ) ပညာအရည်အချင်း အောင်လက်မှတ်။
- (ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်း/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ (မူရင်း)။
- (ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စပို့အရွယ်ဓာတ်ပုံ (၃)ပုံ။

၃။ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများအား စစ်ဌာနချုပ်များ အစီအစဉ်ဖြင့် အမှတ်(၁)အရာခံနှင့် အကြပ်ကြီးသင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip. C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် ၄၅၀၀ ကျပ်၊ ဒုတိယနှစ် ၅၀၀၀ ကျပ်ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်မတော်(ကြည်း ရေ လေ)တွင် တပ်ကြပ်ကြီး/စာရေး(တတိယတန်း) အဖြစ်ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂ နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိပြီး အောင်မြင်ပါက တစ်ဆင့်မြင့် အဆင့်/အတန်းသို့ တိုးမြှင့်ရရှိမည်ဖြစ်ပြီး အောက်ပါအတိုင်း လစာနှင့်စရိတ်များရရှိမည်-

	အဆင့်/အတန်း	အခြေခံလစာ	အရည်အချင်းလစာ	M.H.R.A	ပေါင်း
(က)	တပ်ကြပ်ကြီး/စာရေး(တတိယတန်း)	၅၃၀၀	၁၅၀	၁၀၀၀	၆၄၅၀ိ/-
(ခ)	တပ်ကြပ်ကြီး/စာရေး(ဒုတိယတန်း)	၅၃၀၀	၂၀၀	၁၀၀၀	၆၅၀၀ိ/-
(ဂ)	တပ်ကြပ်ကြီး/စာရေး(ပထမတန်း)	၅၃၀၀	၂၅၀	၁၀၀၀	၆၅၅၀ိ/-
(ဃ)	ဒုတိယအရာခံဗိုလ်/စာရေး	၆၅၀၀	၂၅၀	၁၀၀၀	၇၇၅၀ိ/-
(င)	အရာခံဗိုလ်/စာရေး	၇၁၀၀	၂၅၀	၁၀၀၀	၈၃၅၀ိ/-

မှတ်ချက်။ နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀ိ/- နှုန်းဖြင့် ၅၀ိ/- အထိ ခံစားခွင့်ရှိသည့်အပြင် သက်သာချောင်ချိရေးထောက်ပံ့ငွေအဖြစ် လစဉ် ၅၀၀ိ/- ခံစားခွင့်ရှိသည်။

၇။ တပ်ကြပ်ကြီး/စာရေးအဖြစ် တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေးအတွက်** အဆင်ပြေစွာ ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူတပ်ကြပ်ကြီး/စာရေးများသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ် ပြည့်ပြီးလျှင်သော်လည်းကောင်း **ဗိုလ်လောင်းသင်တန်းသို့** လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ရေ လေ)ရုံးများတွင်** မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင် နိုင်ခွင့်ရှိသည်။

မှတ်ချက်။ အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

တပို့တွဲလပြည့်နေ့ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၁

အနာဂါမ် ဆရာသက်ကြီး ဝိပဿနာရှုမှတ်နည်းများ ပြန့်ပွားရေး အဖွဲ့ချုပ်က ယောဂီဟောင်းများအတွက် အထူး တရားစခန်းကို ဖေဖော်ဝါရီ ၅ ရက် ညနေ ၅ နာရီမှ စတင်၍ သန်လျင်မြို့ နာရီစင်အနီး ဟံသာဝတီ ကမ္မဋ္ဌာန်းရိပ်သာတွင် ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများသည် မင်္ဂလာဗျူဟာ အသင်းချုပ်သို့ ညနေ ၃ နာရီထက် နောက်မကျစေဘဲ လာရောက်ကြရန်နှင့် ဖုန်း-၀၅၆-၂၁၄၃၂ သို့ စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁

(၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပွဲစဉ်မဲနှိုက်ခြင်းနှင့် အသင်းအုပ်ချုပ်သူများ အစည်းအဝေးကို ဇန်နဝါရီ ၂၈ရက် မွန်းလွဲ ၂နာရီခွဲတွင် အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)အစည်းအဝေးခန်းမ၌ကျင်းပသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အမှုဆောင်များ၊ ဒုတိယအဆင့်သို့တက်ရောက်လာကြသော ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများ တက်ရောက်ကြသည်။

(၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပွဲစဉ်များကို ဇန်နဝါရီ၂၉ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ အောင်ဆန်းအားကစားပြိုင်ကွင်းနှင့် လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်းတို့၌ နေ့စဉ် ညနေ ၃ နာရီခွဲမှ စတင်၍ကျင်းပလျက်ရှိသည်။

ဒုတိယအဆင့် အုပ်စုပွဲစဉ်များတွင် (ကက)အုပ်စု၌ ဧရာဝတီတိုင်း၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ (ခခ)အုပ်စု၌ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်တို့ ပါဝင်ကြသည်။

အကြိုဗိုလ်လုပွဲစဉ်များကို ဖေဖော်ဝါရီ ၅ရက်မှ ၆ရက်တွင်လည်းကောင်း၊ တတိယနေရာလုပွဲကို ဖေဖော်ဝါရီ ၈ရက်တွင် လည်းကောင်း၊ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ၉ရက်တွင်လည်းကောင်း လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကျိုက်မရောအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ကျိုက်မရောအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ ပညာရည်ချွန်ဆု၊ နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့တံဆိပ်နှင့် ထူးချွန်ဆုရရှိသူများအားဂုဏ်ပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် (တနင်္ဂနွေနေ့)နှင့် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း ဆရာဝန်အသင်းတိုက်အနီးရှိ စိတ်တိုင်းကျ စားသောက်ဆိုင်ခန်းမတွင်ကျင်းပမည်ဖြစ်သည်။

နှိုးဆော်

၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများသည် အမှတ် ၁၀၃၊ ၉၂လမ်း ရန်ကုန် ပထမထပ်ရှိ အသင်းတိုက် ဖုန်း-၇၀၅၈၁၅ သို့ ဖေဖော်ဝါရီ ၁၀ ရက် နောက်ဆုံးထား၍ ဆက်သွယ်ကြရန်၊ အသင်းဝင်များ၊ အသင်းမဝင်ရသေးသူများ၊ မြို့နယ်သူ မြို့နယ်သား အားလုံးမပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများထည့်ဝင်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ဇန်နဝါရီ ၉ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် တာဝန်ခံ အင်ဂျင်နီယာများ လိုက်ပါလျက် ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကညွှတ်ကွင်း မိဿလင်လမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို ကွင်းဆင်းစစ်ဆေးစဉ်။ (တိုင်းစည်ပင်)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သော အိမ်မဲကြီး ၁၁လမ်း နဝဒေးကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးမျိုးနိုင်၊ အဖွဲ့ဝင်(၁) ဒုရဲမှူးအောင်ကြင်နှင့် အမှုဆောင်အရာရှိ ဦးမျိုးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ညောင်တုန်းမြို့ အထက(၁) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကို အထက(၁) လှိုင် ပညာခန်းမတွင် ဇန်နဝါရီ ၂၅ရက်က ကျင်းပရာ အတန်းအားလုံးအတွက် အိုးဝေလက်ရေးလှဆု ငွေပဒေသာပင် စိုက်ထူရန်အတွက် အမှတ်(၄)ရပ်ကွက် ၁၁လမ်းမှ ဦးခင်မောင်ညို၊ ဒေါ်သန်းသန်းဝင်းတို့က အလှူငွေကျပ်တစ်သိန်းကို ကျောင်းအုပ်ဆရာကြီး ဦးဖိုးလစ်သောင်းရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (ဝ၉၈)

အီလက်ထရွန်နစ် စက်ပြင်သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁

နှစ်(၃၀)ကျော်အောင်မြင်ကျော်ကြားလျက်ရှိသော 'တိုင်း'အီလက်ထရွန်နစ်စက်ပြင်သင်တန်းက ရေဒီယို၊ ကက်ဆက်၊ TV, Video, VCD, CDစက်ပြင်သင်တန်းနှင့် Satellite Receiver တပ်ဆင်ခြင်းသင်တန်းများကို စာတွေ့၊ လက်တွေ့ တစ်ဦးချင်း သင်တန်းပို့ချပေးခြင်းကို ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ဝင်စားသူများသည် အမှတ်(၇၀) ရန်ကုန်-အင်းစိန်လမ်းမ သုခမှတ်တိုင်နှင့် ဘူတာရုံလမ်းမှတ်တိုင်ကြား (၉)ရပ်ကွက် လှိုင်မြို့နယ် ဖုန်း-၀၁-၅၃၅၁၅၁နှင့် ၀၉-၈၀-၃၄၅၄၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဓမ္မဗိမာန်ကျမ်းစာများထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁

၂၀၀၃ခုနှစ် ဓမ္မဗိမာန်စာပေ(ပထမ)ဆုရ ဦးမောင်မောင်၏ What Buddhism Has To Offer To The World စာအုပ် ဓမ္မဗိမာန်ကျမ်းစာ အမှတ်(၆) ဓမ္မာစရိယ ဦးမောင်မောင်လေး၏ သီလက္ခန် အဋ္ဌကထာ မြန်မာပြန်နှင့် ဓမ္မဗိမာန်ကျမ်းစာအမှတ်(၇) ကျော်လေးကျော်(မဏ္ဍိုင်) ဦးသူရ၏ အဋ္ဌသာလိနီ စည်းမျဉ်းရောင်ခြည်စာအုပ်များကို သာသနာရေးဦးစီးဌာန ဦးညွန့်မောင်က ထုတ်ဝေပြီး သစ္စာမဏ္ဍိုင်စာပေ ရွှေတိဂုံတောင်ဘက်မုခ်ဖုန်း-၀၉-၈၀၂၁၆၈၀၊ ၂၈၁၄၃၁ ဓမ္မဗိမာန် အမှတ် ၆၀၆၊ ၅လမ်းနှင့် ၆လမ်းကြား၊ ကမ်းနားလမ်း ဖုန်း-၂၁၁၃၅၉၊ ၂၂၅၉၀၇တို့က ဖြန့်ချိကြောင်းသိရသည်။ **(က-ပ)**

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများနှင့်အဖွဲ့ နှလုံးနှင့်သွေးကြောရောဂါ ရှင်များစမ်းသပ်ကုသပေး

ရန်ကုန် ဖေဖော်ဝါရီ ၁

တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံတွင် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများပါဝင်သောအဖွဲ့နှင့် ဩစတြေးလျနိုင်ငံမှ ပါရဂူအဖွဲ့တို့ ပူးပေါင်း၍ ဇန်နဝါရီ ၂၆ ရက်မှ ဇန်နဝါရီ ၃၀ရက်အထိ နှလုံးနှင့် သွေးကြောဆိုင်ရာ ရောဂါစမ်းသပ်စစ်ဆေးခြင်း၊ ခွဲစိတ်ကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ နှလုံးနှင့် သွေးကြောရောဂါရှာဖွေစမ်းသပ်မှုများကို တပ်မတော် ဆေးရုံကြီးမှ ပါမောက္ခ ဗိုလ်မှူးကြီး အောင်ကျော်ဇောနှင့် ဩစတြေးလျနိုင်ငံ နှလုံးဆေးကုသမှုအဖွဲ့မှ Professor Daib Kelly ခေါင်းဆောင်သောအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး နှလုံးသွေးကြောနှင့် အဆို့ရှင် ခွဲစိတ်ကုသမှုများကို တပ်မတော်ဆေးရုံကြီးမှ ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး တင်မောင်အေးနှင့် ဩစတြေးလျနိုင်ငံ နှလုံးခွဲစိတ်အဖွဲ့မှ Professor Alan Gale ခေါင်းဆောင်သောအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြရာတွင် နှလုံးနှင့် သွေးကြောရောဂါရှင် ၃၇ ဦးအား ရောဂါရှာဖွေစစ်ဆေးကုသပေးနိုင်ခဲ့ပြီး နှလုံးသွေးကြောအစားထိုးခွဲစိတ်ကုသသည့် လူနာခြောက်ဦးနှင့် နှလုံးအဆို့ရှင်လဲလှယ်ကုသသည့် လူနာနှစ်ဦးတို့အား အောင်မြင်စွာ ခွဲစိတ်ကုပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သီလက္ခန် အဋ္ဌကထာ မြန်မာပြန်စာအုပ်ထုတ်ဝေ



ရန်ကုန် ဖေဖော်ဝါရီ ၁

ဓမ္မာစရိယ ဦးမောင်မောင်လေး မြန်မာပြန်ဆိုရေးသားသော သီလက္ခန် အဋ္ဌကထာ မြန်မာပြန် စာအုပ်ကို ဓမ္မဗိမာန် ကျမ်းစာအမှတ်(၆)အဖြစ် ထုတ်ဝေရာ သစ္စာမဏ္ဍိုင်စာပေ ရွှေတိဂုံတောင်ဘက်မုခ် ဖုန်း ၂၈၁၄၃၁၊ ၅၄၈၅၄၈၊ ၀၉-၈၀ ၂၁၆၈၀တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(က-ပ)**

ကြီးကြပ်ဆောင်ရွက်

ဒီဇင်ဘာ ၃၀ရက်က ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်သော တောင်လယ်ကြီး လှည်းဒေါက် မြေသားလမ်း အချောသတ်လုပ်ငန်းကို ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးစိန်မှန်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးသက်နိုင်သိန်းတို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



ပန်းချီဝါကျများ စာအုပ်ထုတ်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၁

စာရေးဆရာ ဇော်ဇော်အောင် စုစည်းရေးသားတင်ပြသော ပန်းချီဝါကျများစာအုပ်ကို မုံရွေးစာအုပ်တိုက် အမှတ် ၁၄၀/၄၅ လမ်း(အထက်) ဗိုလ်ထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၇၀၇၂ က တန်ဖိုးကျပ် ၁၃၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။ **(က-ပ)**

ပန်နာဆိုးနစ်ရုပ်သံပစ္စည်း မိုဒယ်သစ်များ သရုပ်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၁

ဟန်မြန်မာအီလက်ထရွန်နစ်၏ "ပန်နာဆိုးနစ်ရုပ်သံပစ္စည်းမိုဒယ်သစ်များ သရုပ်ပြပွဲ ၂၀၀၄"ကို ဇန်နဝါရီ ၃၀ရက်မှ ဖေဖော်ဝါရီ ၁ရက် ထိ နံနက်၉နာရီမှ ည၈နာရီအထိ ရန်ကုန်မြို့ မြေနီကုန်း ဒဂုံစင်တာ ပထမထပ်တွင် ကျင်းပမည်ဖြစ်ရာ Panasonicအမှတ်တံဆိပ် ၂၀၀၃-၂၀၀၄ မိုဒယ်သစ် နောက်ဆုံးပေါ် ပေါ့ပါးကျစ်လျစ်သော ဒီဇိုင်း၊ ခေတ်မီသော အရည်အသွေးများနှင့် အလွယ်တကူ အသုံးပြုနိုင်သော D-Snap SD Multi Camera, Digital Still Camera, Movie Camera မြန်မာပြည်အတွက်အထူးသင့်လျော်သော NTSC စနစ်သုံး Digital Video Camera များ အပါအဝင် ပန်နာဆိုးနစ်မိုဒယ်သစ် ဒစ်ဂျစ်တယ် ရုပ်သံပစ္စည်းအမျိုးမျိုးတို့ကို ရှင်းလင်းသရုပ်ပြသပြီး ကြိုက်နှစ်သက်၍ ဝယ်ယူလိုသူများအတွက် အထူးအစီအစဉ်၊ အထူးဈေးနှုန်းများဖြင့်ရောင်းချပေးမည် ဖြစ်သည်။ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပြီး ကိုယ်တိုင်ကိုယ်ကျ စမ်းသပ်လေ့လာနိုင်သည်။ ဝယ်ယူအားပေးသော မိတ်ဆွေများအတွက် ပစ္စည်းတစ်ခုချင်းအလိုက် လက်ဆောင်ပစ္စည်းများအပြင် ထပ်ဆင့်မေတ္တာလက်ဆောင်များပါ ထပ်မံချီးမြှင့်မည်ဖြစ်သည်။ စိတ်ပါဝင်စားသူများ အမှတ် ၂၈၅ ဗိုလ်အောင်ကျော်လမ်း(အလယ်)ရှိ ဟန်မြန်မာ Panasonic အရောင်းပြခန်း ဖုန်း-၂၄၆၅၁၃၊ ၂၅၆၆၂၀၊ ၂၈၉၄၈၂၊အီးမေးလ် "han-myanmar@mptmail.net.mm တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

လှိုင်မြစ်တစ်ဖက်ကမ်းရပ်ကွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ နိုင်ငံတော်က ဖြည့်ဆည်းပေး ဒေသခံပြည်သူများ ရေရှည်အသုံးချနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ၃၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ ရပ်ကွက်များသို့သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် နံနက်(၁၁)နာရီခွဲ တွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင် မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ စက်ဆန်းရပ်ကွက်သို့ ရောက်ရှိပြီး သောက်သုံးရေများစနစ်တကျရရှိရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ကျန်းမာရေးဆေးပေးခန်း ဝင်းအတွင်း၌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကလှူဒါန်းထားသည့် အဝီစိတွင်းအခြေအနေနှင့် ကျန်းမာရေးဆေးပေးခန်း အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် စက်ဆန်းရပ်ကွက်အနီး ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ ရပ်ကွက်များနှင့် ကျေးရွာချင်းဆက် မြေသားလမ်းအခြေအနေနှင့် လမ်းဘေးဝဲယာ၌ အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများကိုလည်းကောင်း၊ နေကြာစမ်းသပ်စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ချောင်းကူးတံတားများတည်ဆောက်ရေး၊ စိုက်ပျိုးပြီး သစ်ပင်များရှင်သန်စေရေးနှင့် ပဲမျိုးစုံနှင့် နေကြာ စမ်းသပ်စိုက်ပျိုးကြရေး မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် စက်ဆန်းရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့စခန်းရုံးဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**

ထိုမှတစ်ဆင့် စက်ဆန်းရပ်ကွက် အမှတ်(၇) အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ရောက်ရှိပြီး ကျောင်းဝင်းအတွင်း သစ်ခွပန်းစိုက်ပျိုးခင်းနှင့် ပညာသင်ကြားနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့သည် စက်ဆန်းရပ်ကွက် ကျန်းမာရေးဆေးပေးခန်း ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ ရပ်ကွက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ကဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများအနေဖြင့် ကူညီဖြည့်ဆည်းပေးမှုများကို ရေရှည်အသုံးချနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်မည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ဟင်းသီး ဟင်းရွက်နှင့်စီးပွားဖြစ် သီးနှံများကို ၁၂လရာသီ စိုက်ပျိုးနိုင်ရေး အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများကိုလည်း တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်ကမ်းမြောင်းကြီးလမ်းထိပ်သို့ ရောက်ရှိပြီး အေးရှားဝေါ(လ်)ကုမ္ပဏီက ဗားကရာဆိပ်ကမ်းရှိ အုန်းသီး၊ ငှက်ပျောသီးဈေးအထွက် လမ်းခင်း နိုင်ရေး၊ လှိုင်မြစ်ကမ်းမြောင်းကြီးလမ်းမြစ်ထွက်ပေါက်ကို အရှည်ပေ ၁၂၀၊ အကျယ် ၅ ပေ၊ အမြင့် ၆ ဒသမ ၅ ပေရှိ Box Culvert တိုးချဲ့တည်ဆောက်နေမှုအခြေအနေနှင့် လှိုင်မြစ်မြေထိန်းနံရံ တည်ဆောက် နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား Box Culvert တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများနှင့် လှိုင်မြစ်ကမ်း မြေထိန်း၊ ကျောက်ရိုးစီခြင်းလုပ်ငန်းများ အမြန်ပြီးစီးရေးဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ် (တောင် ပိုင်း) မြို့နယ် အမှတ် (၁) မူလတန်းလွန် ကျောင်း ကျောင်းဆောင်သစ်လွှဲ ပြောင်း ပေးအပ်ပွဲနှင့် ဖွင့်ပွဲ အခမ်း အနားကို ဇန်နဝါရီ၂ရက်က ကျင်းပရာ မိဘဆရာအသင်း အမှုဆောင် ဒေါ်ဝင်းဝင်းက စာရေးခုံများအတွက် အလှူငွေကျပ်နှစ်သိန်းကို မြို့နယ်ပညာရေးမှူး ဦးမျိုးမြင့်ကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဖွင့်လှစ်

ဇန်နဝါရီ ၁၅ ရက်က ပခုက္ကူမြို့နယ် ဖောင်းကွဲကျေးရွာ အုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဖွင့်ပွဲ အခမ်းအနားကို အဆိုပါ ကျေးရွာရုံးအဆောက်အအုံ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် ကျေးရွာအဖွဲ့ဝင်(၁) ဦးပြေသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(က-ပ)

သရက်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁

သရက်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၉)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ၈ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရား(တောင်ဘက်မုခ်) သစ်လုပ်ငန်းဓမ္မာရုံ၌ကျင်းပမည်ဖြစ်သည်။

အသက်(၇၅)နှစ်နှင့် အထက် သက်ကြီးရွယ်အိုများ၊ အသင်းဝင်များနှင့် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရအသင်းဝင်များ၏ သားသမီးများအား ဆု ချီးမြှင့်မည်ဖြစ်ရာ အလှူငွေများလှူဒါန်းလိုပါက ဒေါ်သက်သက်ဆွေ ဖုန်း-၅၇၇၁၂၆၊ ဦးအုန်းမောင် အောင်ဓမ္မာရုံ မဟာဗန္ဓုလပန်းခြံလမ်း(အထက်)၊ ဦးမိုးနိုင် ဖုန်း-၅၇၀၀၈၁၊ ဦးသိန်းဘော် ဖုန်း-၇၂၀၈၈၀၊ ဒေါ်မြစိုးနှင်း ဖုန်း-၆၄၂၃၉၃၊ ဒေါ်အေးညွန့်လွင် ဖုန်း-၆၄၂၃၉၃၊ ဒေါက်တာ ဒေါ်မြင့်မြင့်လှိုင် ဖုန်း-၅၇၉၈၇၈၊ဒေါ်တင်တင်မြင့်ဖုန်း-၇၀၃၆၄၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရေခဲသေတ္တာ၊အဲယားကွန်းသီးသန့် သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရေခဲသေတ္တာ၊အဲယားကွန်းအခြေခံ အသုံးချနည်းစနစ်များ ပြုပြင်ထိန်းသိမ်းတပ်ဆင်ခြင်းနှင့် အခြေခံလျှပ်စစ်ပညာများကို Grace Training and Service Centreမှ စာတွေ့၊ လက်တွေ့(လက်တွေ့ဦးစားပေးစနစ်၊ တစ်လအပြတ်) ပစ္စည်းကိရိယာစုံလင်စွာဖြင့် လုပ်သက်ရင့် နည်းပြဆရာများ ကိုယ်တိုင် လစဉ်တန်းခွဲသစ်နှစ်ခုဖွင့်လှစ်ပြီး သင်ကြားပေးလျက်ရှိသည်။

တိုးတက်ထွန်းကားလိုသူလူငယ်များအတွက် ကုမ္ပဏီ၊စက်ရုံ၊အလုပ်ရုံ (Shore Jobs) များတွင် Profesional ဖြစ်စေပြီး (အခြေခံပိုင်မှ လက်တွေ့နိုင်မည်) ဟူသော ဆောင်ပုဒ်ဖြင့် နိုင်ငံတကာ အဆင့်မီ ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို သင်တန်းခန်းမ အမှတ် ၆၉ ပထမထပ် ဗိုလ်စိန်မှန်လမ်း ဗဟန်းမြို့နယ် (တာမွေအဝိုင်းမှတ်တိုင် အနီး) ဖုန်း-၇၀၇၉၅၆ သို့ ဆက်သွယ်စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်းသိရသည်။

(က-ပ)

ဓေယျာမြေစာအုပ်တိုက် တိုက် ၇၂၄ အခန်း ၁၈ မဟာဗန္ဓုလလမ်း လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း ၂၅၀၆၆၈က ထုတ်ဝေသော မင်းလူ၏ သံယောဇဉ် အဖွဲ့စာအုပ်မျက်နှာဖုံး။

(က-ပ)

ထားဝယ်မြို့နယ် တနိုင်းဒါကျေးရွာတွင် ကျေးလက် တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၅ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးဦးမြင့်ဦး၊ အင်ဂျင်နီယာမှူးကြီး ဦးသက်ထွန်းဝင်း၊ ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိဦးကြည်သန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးထွန်းထွန်းနိုင်တို့ သွားရောက်ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (က-ပ)

နိုင်ငံတကာအင်္ဂလိပ်စာ သင်တန်းများဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၁

International English Language Centre မှ ဦးဉာဏ်ဝင်းက LCCI (U.K) English for Business or Commerce Level (I,II.III), International English Language Testing System (IELTS)နှင့် Scholastic Aptitude Test (SAT)(I,II,) တို့ကို သတ်မှတ်စံနှုန်းမီ (Prescribed Standard of Excellence) ဖြေဆိုအောင်မြင်နိုင်အောင် တစ်ဦးချင်းစီ၏ အရည်အသွေးကို ဖော်ထုတ်ကာ သင်ကြားလျက်ရှိသည်။ အသေးစိတ်သိလိုပါက အမှတ် ၃၄၅ အခန်း ၁၆ မဟာဗန္ဓုလလမ်း ၃၉ လမ်းနှင့် လမ်း ၄၀ အကြား ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၉၉၆ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ထိမ်းမြားမင်္ဂလာညစာစားပွဲ ကျေးဇူးတင်လွှာ

စစ်တွေမြို့၊ဘောလုံးကွင်းရပ်ကွက်၊မေယုလမ်းနေ
(ဦးနီထွန်းဦး)-ဒေါ်မရှင်တို့၏သား
ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊စပယ်လမ်း၊
တိုက်နံပါတ်(၁၀)၊အခန်းနံပါတ်(၇)၊
ယုဇနပလာဇာ အနောက်ဘက်ခြမ်းနေ
မောင်ကျော်စိန်ထွန်း(ခ)ဂျော်လီ (Managing Director, Tun General Trading) **နှင့်**
စစ်တွေမြို့၊ကျေးပင်ကြီးရပ်ကွက်၊ရွှေသာလမ်း၊
အမှတ်(၇၁၁၊၁၅၃)နှင့်
ရန်ကုန်မြို့၊လမ်း ၃၀၊အမှတ်(၇၃/၇၅)မြေညီထပ်နေ
ဦးလှသာထွန်း(ဥက္ကဋ္ဌ၊ရခိုင်ပြည်နယ်အထွေထွေစီးပွားရေးသမအသင်းစုချုပ်)-
ဒေါ်အေးမေ (အထည်လုပ်ငန်း)တို့၏ သမီးထွေး
မစိုးညွန့်သူ(ခ)မေသူ Second Year (Eco)

တို့၏ ၂၈-၁-၂၀၀၄ရက်တွင် အလိုတော်ပြည့်ကျောင်းတိုက်၌ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲအခမ်းအနားနှင့် ၁-၂-၂၀၀၄ ရက်တွင် Sedona Hotel၌ ကျင်းပသော မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ရပ်ဝေး၊ရပ်နီးမှ မင်္ဂလာလက်ဖွဲ့ချီးမြှင့်ကြသော မိတ်ဆွေသင်္ဂဟများအား လိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်စိန်ထွန်း(ခ)ဂျော်လီ-မစိုးညွန့်သူ(ခ)မေသူ။

ရှင်ရာဟုလာ
လူ့လောကအမြင်
ထွက်နေပြီ။ ဂုဏ်ထူးစာပေ
၃၃ လမ်း၊ ရန်ကုန်

အများသိစေရန်
သတိပေးအကြောင်းကြားခြင်း

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် လွတ်လပ်ရေးရပ်ကွက် ၉လမ်း၊ အိမ်အမှတ် (၁၁) မြေညီထပ် အခန်းအမှတ် (၂) နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စကီနာ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/မဂတ(နိုင်)၀၅၄၂၈၃ (အဖ-ဦးနူးရ်မာမက်)၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး အကြောင်းကြားကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ရပ်ကွက် ၁၀၉ လမ်း အမှတ်(၄၇)ဟု ခေါ်တွင်သည့် အဆောက်အအုံနှင့် ယင်းအဆောက်အအုံတည်ရှိရာ မြေကွက်အမှတ် ၇၀၊ မြေတိုင်းရပ်ကွက်အမှတ် (11.E) မြေချိန်ဧရိယာ ၀ ဒသမ ၁၂၅ ဧကသည် ကျွန်ုပ်မိတ်ဆွေ၏ဖခင် ဦးနူးရ်မာမက်၏ အမည်ပေါက် ပိုင်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ ကျန်ရစ်ခဲ့ပါသည်။

ယင်းပစ္စည်းများကို ဦးနူးရ်မာမက် ကွယ်လွန်ပြီးနောက် တစ်ဦးတည်းသော ကျန်ရစ်သည့် သမီးဖြစ်သူ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်စကီနာ တစ်ဦးတည်းသာလျှင် အစ္စလာမ်တရားဥပဒေအရ အမွေဆက်ခံပိုင်ခွင့်ရှိသူ ဖြစ်ပါသည်။

သို့ပါ၍ ယင်းပစ္စည်းများနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲမှု မပြုလုပ်ရသေးမီ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စကီနာ၏ သဘောတူ ခွင့်ပြုချက်မရရှိဘဲ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးကမ်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း စသည်များ မပြုလုပ်ရန် အသိပေးတားမြစ်အပ်ပါသည်။

ယင်းသို့ အသိပေး တားမြစ်ပါလျက်နှင့် အထက်ဖော်ပြပါပစ္စည်းများကို တစ်နည်းနည်းဖြင့် ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း စသည်များပြုလုပ်လာသည်ကို တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ဒေါ်စကီနာ၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်လတ်(အယ်လ်အယ်လ်ဘီ)
တရားရုံးချုပ်ရှေ့နေ(၄၅၂၉)
အမှတ် ၅၅၊ အခန်း(၅)ဒုတိယထပ်
မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။



ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ ခုနှစ် တရားမဇာရီမှု အမှတ် ၂၇၄

ရိုးမဘဏ်လီမိတက် **နှင့်** ၁။ ဦးမောင်မောင်စိမ်း
၂။ ဒေါ်အေးအေးမြင့်

ဒီကရီရသူ **တရားရှုံးများ**

ရန်ကုန်တိုင်းတရားရုံး၏ ၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၅၈ တွင် ၂၉-၈-၂၀၀၃ ရက်စွဲပါ အပေါင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသောပစ္စည်းကို ၂၀၀၄ ခုနှစ် မတ်လ ၃ ရက်နေ့ (၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်) နံနက် ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်စာဖြင့်သော်လည်းကောင်း လေလံဆွဲ ဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ်တစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်တည်းနေ့ချင်း ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသူအရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ရရှိသူသည် ၂၅ ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့တွင် အပြေအကြေပေးသွင်းရမည်။ ယင်းနေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမ ရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြသိမ်း
တွဲဖက်တိုင်းတရားသူကြီး(၁၅)
ရန်ကုန်တိုင်းတရားရုံး

ပစ္စည်းစာရင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ် စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ် (အပိုင်း-၅)၊ မြေကွက်အမှတ် ၄၆၈၊ ဧရိယာ ၃၆၀၀ စတုရန်းပေ၊ ၀ ဒသမ ၀၈၃ ဧကရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၄၆၈၊ ရတနာလမ်း၊ စက်မှုဇုန်(၅)၊ လှိုင်သာယာမြို့နယ်ဟု ခေါ်တွင်သော စက်ရုံအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။
(ကြမ်းခင်းဈေး ကျပ်သိန်း ၂၀၀ တိတိ)

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန
၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
၂၀၀၄-၂၀၀၅ ပညာသင်နှစ်
မာလ်တီမီဒီယာ အတတ်ပညာဘွဲ့လွန် ဒီပလိုမာ (ပညာရေး)သင်တန်း
Post Graduate Diploma in Multi-midia Arts

(Education) (PGDMA) သင်တန်းသားများ ခေါ်ယူခြင်း

၁။ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေး တက္ကသိုလ်ရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများ၏ အစီအစဉ်ဖြင့် အဆိုပါတက္ကသိုလ်များတွင် ဖွင့်လှစ်မည့် မာလ်တီမီဒီယာအတတ်ပညာဘွဲ့လွန်ဒီပလိုမာ (ပညာရေး)သင်တန်း Postgraduate Diploma in Multi-midia Arts (Education) (PGDMA) အမှတ်စဉ် (၅)သို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရပါမည်-

(က) လျှောက်ထားသူများသည် မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ သင်္ချာ၊ ရူပ၊ ဓာတုဗွေ့ရရှိသူများ၊ အင်္ဂလိပ်ဘာသာ၊ ပထဝီ၊ ဘောဂ၊ ဝါဏိဇ္ဇဘွဲ့ ရသူများဖြစ်ရမည်။
(ဂ) အခြေခံပညာဝန်ထမ်းဖြစ်ပါက ဘွဲ့တစ်ခုခုရှိသူဖြစ်ပြီး အခြေခံကျောင်းများမှ တာဝန်ခံ၍ စေလွှတ်သူများဖြစ်ရပါမည်။ ၂၀၀၄ ခုနှစ် ဇွန်လ ၁၄ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကြီးသူဖြစ်ရမည်။
(ဃ) ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် (မန္တလေးဌာနခွဲ) တို့တွင် တက်ရောက်နိုင်ရမည်။
(င) လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်ဓာတ်ပုံမိတ္တူ (သို့မဟုတ်) ဘွဲ့ရကြောင်း ထောက်ခံစာ ပူးတွဲတင်ပြရမည်။
(စ) မွေးသက္ကရာဇ် အထောက်အထားအတွက် လျှောက်လွှာနှင့်အတူ အခြေခံပညာ အထက်တန်းစာမေးပွဲ အောင်လက်မှတ် ဓာတ်ပုံမိတ္တူ ပူးတွဲတင်ပြရမည်။
(ဆ) သင်တန်းကာလမှာ ၂၀၀၄ ခုနှစ် ဇွန်လ ၁၄ရက်မှ ၂၀၀၅ ခုနှစ် ဧပြီ လဆန်းပိုင်းအထိဖြစ်သည်။

၃။ သင်တန်းတက်ရောက် အောင်မြင်ပြီးသူများကို အခြေခံပညာကျောင်းများတွင် အလယ်တန်းပြအဖြစ် ခန့်ထားပြီး လုပ်သက်ပြည့်မီချိန်တွင် ပညာရေးဘွဲ့ (B.Ed) သင်တန်းဝင်ခွင့်အစီအစဉ်အရ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၄။ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူး(အရှေ့)၊ ပဲခူး(အနောက်)၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းတို့မှ လျှောက်ထားသူများသည် လျှောက်လွှာများကို ရန်ကုန်မြို့ အမှတ် (၁) အခြေခံပညာဦးစီးဌာနသို့ လည်းကောင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ် (တောင်/မြောက်/အရှေ့)တို့မှ လျှောက်ထားသူများသည် မန္တလေးမြို့ အမှတ် (၂) အခြေခံပညာ ဦးစီးဌာနသို့ လည်းကောင်း၊ ရန်ကုန်တိုင်းမှ လျှောက်ထားသူများသည် ရန်ကုန်မြို့ အမှတ် (၃) အခြေခံပညာဦးစီးဌာနသို့ လည်းကောင်း၊ ပညာရေးကောလိပ်/ပညာရေးတက္ကသိုလ်များနှင့် လေ့ကျင့်ရေးကျောင်းများမှ လျှောက်ထားသူများသည် ရန်ကင်းပညာရေးကောလိပ်ကျောင်းအုပ်ကြီးထံသို့လည်းကောင်း ပေးပို့ကြရမည်။

၅။ ဝန်ထမ်းဖြစ်ပါက ၂၀၀၄ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင် အသက် ၃၅ နှစ်ထက်မကြီးသူ ဖြစ်ရမည်။ မိမိတာဝန်ထမ်းဆောင်နေသည့် ရုံးဌာနဆိုင်ရာအကြီးအကဲ၏ ဝန်ထမ်းဖြစ်ကြောင်းထောက်ခံစာကို ပူးတွဲ၍ သက်ဆိုင်ရာ ပြည်နယ်တိုင်း ပညာရေးမှူးများ (တွဲဖက်ပြည်နယ်နှင့်တိုင်းခွဲအပါအဝင်)မှတစ်ဆင့် သက်ဆိုင်ရာ ဦးစီးဌာနသို့ ပေးပို့လျှောက်ထားရမည်။

၆။ လူတွေ့နှုတ်ဖြေကို ၂၀၀၄ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် သက်ဆိုင်ရာအခြေခံပညာဦးစီးဌာနများ၌ စစ်ဆေးမည်ဖြစ်ပါသည်။

၇။ ဘွဲ့လက်မှတ်မူရင်းနှင့် အခြေခံပညာအထက်တန်း အောင်လက်မှတ်မူရင်းတို့ကို တစ်ပါတည်း ယူဆောင်လာရမည်။

၈။ လျှောက်ထားသူများသည် ပူးတွဲပါသင်တန်းဝင်ခွင့် လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင် ပြုစုရေးသားဖြည့်သွင်းထားသော လျှောက်လွှာသုံးစုံတွင် ခြောက်လအတွင်းရိုက်ကူးထားသည့် ပတ်စပို့အရွယ်ဓာတ်ပုံ၊ (မျက်မှန်တပ်သူဖြစ်ပါက မျက်မှန်နှင့်ဓာတ်ပုံ၊ မျက်မှန်မပါ ဓာတ်ပုံ) တို့ကို ကပ်၍ ပူးတွဲရမည့် အထောက်အထားများနှင့်အတူ သက်ဆိုင်ရာဦးစီးဌာနများနှင့် ရန်ကင်းပညာရေးကောလိပ်သို့ ၂၀၀၄ ခုနှစ် မတ်လ ၂၃ ရက်နေ့ထက် နောက်မကျစေဘဲပေးပို့ရပါမည်။

ဘိုဝင်း
ရက်စွဲ။ ၂၀၀၄ခုနှစ်၊ဇန်နဝါရီ ၃၀ရက်။ **(ညွှန်ကြားရေးမှူးချုပ်)**

၂၀၀၄ -၂၀၀၅ ခုနှစ် ပညာသင်နှစ်
မာလ်တီမီဒီယာအတတ်ပညာဘွဲ့လွန်ဒီပလိုမာ (ပညာရေး)သင်တန်း
Postgraduate Diploma in Multi- media Arts (Education) (PGDMA)
အမှတ်စဉ် (၅) သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏ အကြောင်းအရာ

အကြောင်းအရာ	အမည်	နိုင်ငံသားမှတ်ပုံတင်အမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။ လျှောက်ထားသူ၏ မွေးသက္ကရာဇ် ----------ခုနှစ် ----------------လ ----------ရက်
၃။ အပထမအောင်မြင်ခဲ့သည့် စာစစ်ဌာနနှင့် ပြည်နယ်/တိုင်း ------------------------------
----
၄။ ဘွဲ့အမည်နှင့် အဓိကယူခဲ့သည့် ဘာသာ ------------------------
အောင်မြင်ခဲ့သည့် တက္ကသိုလ်နှင့် ခုနှစ် ------------------------
၅။ ဆရာအတတ်ပညာ ဒီပလိုမာ သင်တန်း(PGDT)အမှတ်စဉ် (၆)သို့ ဝင်ခွင့်လျှောက်ထားခြင်း ရှိ/မရှိ-----
----
၆။ အိမ်ထောင်ရှိ/မရှိ (ရှိပါက)ဇနီး/ခင်ပွန်းအမည်နှင့် ------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------
၇။ လက်ရှိနေရပ်လိပ်စာ အပြည့်အစုံ ------------------------------
----
၈။ အလယ်တန်းပြဆရာအဖြစ် ခန့်ထားပါက ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ခြင်း ရှိ/မရှိ ----
----

ရက်စွဲ။ ၂၀၀၄ခုနှစ်၊ မတ်လ (   )ရက် ----------------
လျှောက်ထားသူ လက်မှတ်

ထိမ်းမြားမင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

မန္တလေးမြို့၊ ၇၈လမ်း၊ ၃၂ x ၃၃လမ်းကြားနှင့် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊
အခန်းအမှတ် (4.C.5) ရန်ကင်းစင်တာနေ
ဦးတင်ဌွေ လ/ထ မန်နေဂျာ၊(ငြိမ်း) မြန်မာ့သစ်လုပ်ငန်း–ဒေါ်အေးရှမ်း (ဟန်စတိုး)
တို့၏ သားငယ်
ဦးစိုးမြင့်(ဗဟိုအလုပ်အမှုဆောင်၊ U.M.F.C.C.I) (ဥက္ကဋ္ဌ၊ M.F.F.Co.,Ltd) -
ဒေါ်နီလာအေး (တွဲဖက်ပါမောက္ခ/ ဌာနမှူး၊ မြို့ပြအင်ဂျင်နီယာဌာန၊
မန္တလေးနည်းပညာတက္ကသိုလ်)၏ညီ

မောင်မျိုးဝင်း A.G.T.I (Electronics)

(ဒါရိုက်တာ၊ မြန်မာ့ပို့ဆောင်ရေးနှင့် ကုန်သွယ်ရေးကုမ္ပဏီလီမိတက်)
နှင့်
ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်း(၂၀)၊ အမှတ် ၂၃နေ
ဦးကြည်စိန်–ဒေါ်ခင်မိ
တို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာအေးအေးဝင်း M.B.,B.S(Ygn)

(လက်ထောက်ဆရာဝန်၊ တံတားဦးမြို့နယ် ပြည်သူ့ဆေးရုံ)

တို့၏ ၂၅–၁–၂၀၀၄ရက်တွင် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ချီးမြှင့်ပေးသော ဦးကျော်ညွန့်နှင့် ဇနီးဒေါ်သန်းမြင့်၊ ကြွရောက်ချီးမြှင့်ပေးသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၏ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ U.M.F.C.C.I မှ ဥက္ကဋ္ဌဦးဝင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဂုဏ်သရေရှိ လူကြီးမင်းများ၊ မင်္ဂလာပွဲ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာ ကျေးဇူး ဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မျိုးဝင်း–ဒေါက်တာအေးအေးဝင်း။

မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် န/၆၈၇၈ မော်တော်ယာဉ် လက်ဝယ်ရှိသူ ဦးတင်မောင်လွင် နိုင်ငံသား မှတ်ပုံတင်အမှတ် ၁၀/မလမ(နိုင်) ၁၃၁၉၁၃က မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက် ၃၀ အတွင်း ကညန၊ ခရိုင်ရုံး(သန်လျင်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ခရိုင်ရုံး(သန်လျင်)**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၃၇၆၇ မော်တော်ယာဉ်လက်ဝယ် ရှိသူက မော်တော်ယာဉ်မှတ်ပုံတင် စာအုပ် (ကမ–၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး (ရန်ကုန်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း**

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာ ခန့်ထားရန်)

အာရုတော်ဝင်နှလုံးနှင့် အထွေထွေရောဂါ အထူးကုဆေးခန်းကြီးတွင် လိုအပ်သော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများ ဖိတ်ခေါ်ပါသည်။

ဆေးဘက်ဆိုင်ရာဌာနတွင်–

၁။ **တာဝန်ခံဆရာဝန်များ**(M.O) ၅ ဦး
- ဆမ သက်တမ်းရှိသူဖြစ်ရမည်။
- ဆေးကုသပိုင်းဆိုင်ရာ (Clinical) စေတနာပါ စိတ်ဝင်စားမှုရှိရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူများကို ဦးစားပေးမည်။
- ကွန်ပျူတာဓာတ်ခွဲခန်းလုပ်ငန်းကို စိတ်ဝင်စားစွာ ဆောင်ရွက်နိုင်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူများကိုဦးစားပေးမည်။

၂။ **သူနာပြုများ** ၁၀ ဦး
- သူနာပြုလိုင်စင်သက်တမ်းရှိသူဖြစ်ရမည်။
- သူနာပြုလုပ်ငန်းကို စေတနာပါ စိတ်ဝင်စားစွာဆောင်ရွက်နိုင်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူများကို ဦးစားပေးမည်။

၃။ **ဓာတ်ခွဲခန်းကျွမ်းကျင်သူများ** (၃)ဦး
- သက်ဆိုင်ရာ ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများ ဖြစ်ရမည်။

စီမံခန့်ခွဲရေးဌာနတွင်

၁။ လုံခြုံရေးဝန်ထမ်း (ကျား) ၃ ဦး
- တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
- ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
- နေ့ညမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၂။ သန့်ရှင်းရေးဝန်ထမ်း (ကျား) ၃ ဦး
- ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
- နေ့ညမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ ခြောက်လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံနှစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာအထောက်အထားမိတ္တူများ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာနှင့်အတူ စီမံခန့်ခွဲရေးဌာန၊ အာရုတော်ဝင် ဆေးခန်းကြီး၊ အမှတ် ၁၄၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်သို့ နှစ်ပတ်အတွင်း ပေးပို့လျှောက်ထားနိုင်ပါသည်။

HAPPY 25th WEDDING ANNIVERSARY

ချစ်ဖခင် Babu Bhai @ ဦးဝင်းမောင် (D.D.E., "Win" Auto Workshop)
နှင့်
ချစ်မေမေ Shareifa Patail @ ဒေါ်ရွှေကြည် (B.A History)
တို့၏(၂–၂–၂၀၀၄)နေ့တွင်ကျရောက်သော "၂၅–နှစ်မြောက် ငွေရတုမင်္ဂလာ"
...
ချစ်သမီး - Feroza @ [illegible] B.C.Sc.(U.C.S.Y) Final Year Eco.(U.D.E)
ချစ်သား - Faizal @ [illegible] First Year Geography(U.D.E)

[illegible] ကမ်းခြေဟိုတယ် (စင်ထရယ်)

ခရီးစဉ် (၁)	Feb	6, 7, 8
ခရီးစဉ် (၂)	Feb	12, 13, 14
ခရီးစဉ် (၃)	Feb	20, 21, 22
ခရီးစဉ် (၄)	Feb	27, 28, 29

ဆက်သွယ်ရန် - Central

☎: 241001 ~ 241020 အထိ Ext: 402

(3-2-2004) မှ (8-2-2004) ...
... 01-690264

ရွှေစံပါယ် ကုမ္ပဏီ

ပြည်တွင်းမှ ထုတ်လုပ်သော ကားများကို အထူးဈေးနှုန်းဖြင့် ရောင်းချနေပါပြီ။

အမှတ် ၅၊ ဘုရင့်နောင်လမ်းမ၊ ကမာရွတ်မြို့နယ် (ရေကြောင်းသိပ္ပံရှေ့)

ဖုန်း – ၅၁၅၂၀၄

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်



အမည်ပြောင်း

ဦးကျော်အောင်၏သမီးဖြစ်သူ အလက(၁)၊ သဃ်န်းကျွန်း အဋ္ဌမတန်း(B)မှ မမြသက်ဖူးအောင်အား မဇာဇာထွန်းဟုယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။ **မဇာဇာထွန်း။**

အမည်ပြောင်း

ဦးမောင်မောင်အေး၏သား အထက(၄)အလုံ၊ အဋ္ဌမတန်း (စ)မှ မောင်ဒီပါလွင်အား ယနေ့မှစ၍ မောင်ထူးမြတ်အောင်ဟု အမည် ပြောင်းလဲခေါ်ပါရန်။ **မောင်ထူးမြတ်အောင်။**

ရွှေဖြူရောင်၊ ရွှေရောင်

ရတနာအရောင်တင်ဆေးရည် ရရှိနိုင်ပါသည်။

လိပ်စာ – အမှတ် ၆၄၁၊ အခန်း (၂၀၃)၊ ရွှေဘုံသာလမ်းနှင့် ၂၉ လမ်းကြား၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း–၂၅၃၇၃၄၊ ၂၅၄၅၂၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၂၆ အကွက်ဖ^၁၀၊ မြေကွက်အမှတ် ၁၈၏အစိတ်အပိုင်း၊ ဧရိယာ ၀ ဒသမ ၀၅၈ ဧကရှိ (အစိုးရမြေ)၊ အမှတ် ၃၇၄၊ ကမ်းနားလမ်း၊ သာစုအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်ဟု ခေါ်တွင်သောမြေကွက်ကို ဦးလှမြင့်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ နှစ် ၆၀ မြေငှားစာချုပ် ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်နေ့မှစ၍ နှစ်ပတ်အတွင်း ဤဌာနသို့လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

မော်တော်ဆိုင်ကယ် ယ/၂၆၃၀၇ လက်ဝယ်ရှိသူမှ မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည်၁၅ရက်အတွင်း ကညန၊ပြည်နယ်ရုံး (ကျိုင်းတုံ)သို့ လာရောက်ဆယ်သွယ်ဆောင်ရွက်ပါရန်။
ကညန၊ပြည်နယ်နယ်ရုံး (ကျိုင်းတုံ)

စားပွဲနှင့် ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း–၂၄၅၆၂၀၊ ၂၄၅၆၄၂

ဒေါ်ညွန့်ညွန့်တင် (ပွင့်ဖြူ)
အသက်(၉၅)နှစ်

ပွင့်ဖြူမြို့နေ ဦးခလွယ်-ဒေါ်စံတို့၏သမီး၊ ရေဦးမြို့နေဦးစံရည်-ဒေါ်စိန်တို့၏သမီးချွေးမ၊ (ဦးတိုက်ကြီးမောင် ၊ ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး၊ အလုပ်သမားဌာန)၏ဇနီး၊ ပါမောက္ခဒေါက်တာဦးဝင်းနိုင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ငြိမ်း၊ ကျန်းမာရေးလုပ်သားအင်အားဦးစီးဌာန)-(ဒေါ်ခင်မမသွင်)တို့၏မိခင်သည် ၃၁-၁-၂၀၀၄ ရက် (စနေနေ့) ည ၉:၄၀ နာရီတွင် တိုက်အမှတ်(၆)၊ အခန်း(၄၀၁)၊ မြိုင်ဟေဝန်အိမ်ရာ၊ မရမ်းကုန်းမြို့နယ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၀၄ ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးတင်မြင့် (မန္တလေး)
ရဲမှူး(ငြိမ်း)
အသက်(၇၆)နှစ်

မန္တလေးမြို့၊ အမှတ် ၂၈၉၊ (၂၉ x ၆၃)လမ်းထောင့်၊ အောင်တော်မူရပ်နေ (ဦးလူစ-ဒေါ်စောဦး)တို့၏သား၊ (ဒေါ်လှချော) ၏မောင်၊ ဒေါ်ကြူကြူ (အငြိမ်းစား ကထိက၊ အရှေ့တိုင်းပညာ၊ မန္တလေး)၊ (ဦးတင်ဝင့်)၊ (ဦးတင်မောင်ထွေး၊ မြို့နယ်တရားရေးဦးစီးမှူး)-ဒေါ်ကြည်ကြည်၊ ဒုရဲမှူးဝင်းထိန်(ကျေးသီးမြို့နယ်မှူး)၊ ဒေါ်တင်မမ(ဒု-ကျောင်းအုပ်လုပ်မှုဝန်ထမ်းဦးစီး၊ မန္တလေး)တို့၏အစ်ကိုကြီး၊ အောင်မျိုးထွေး(PILစင်ကာပူ)-အေးစန္ဒာသောင်း၊ ဝင်းသိင်္ဂထွေး (စိတ်မှူး-အုတ်ကျင်းဂုန်နီ)တို့၏ဘဘကြီး၊ ဝေယံဖြိုးအောင်၏ ဘိုးဘိုးကြီးသည် အထက်ပါနေအိမ်၌ ၁-၂-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၃-၂-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် နေအိမ်မှကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးလှထွန်းလေး (ငြိမ်း)

၂၀-၁-၂၀၀၄ ရက်တွင် တောင်ငူမြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၆၀ပြည့်နှစ် ကျောင်းဆင်းသူငယ်ချင်းများ။

ဦးတင်ဝင်း
(ထောက်ရှာပင်ရေနံမြေ)
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊အမှတ် ၁၅၂၊ ဥက္ကာ ၅ လမ်း၊ မြောက်ဥက္ကလာပနေ (ဦးဘမောင်-ဒေါ်ကျင်သိန်း) တို့၏သား၊ (ဦးလှအောင်)-ဒေါ်မြ ဟန်တို့၏သားသမက်၊ ဦးမြင့်ဆွေ-ဒေါ်ခင်တိုးတို့၏ညီ၊ ဦးခင်မောင်ဦး-ဒေါ်ရင်ကြည်တို့၏မောင်၊ ဦးဝင်းဆွေ-ဒေါ်ခင်ဌေးမြင့်တို့၏ အစ်ကို၊ မင်းဘူးမြို့၊ ထောက်ရှာပင်ရေနံမြေနေ ဒေါ်တင်တင်အောင်၏ခင်ပွန်း၊ မောင်ဟိန်းဇော်ထက်(Final Year, Civil Y.T.U)၊ မလဲ့ရည်ခိုင်(ဒသမတန်း-ဂ၊ အထက-၁၊ မြောက်ဥက္ကလာ)တို့၏ ဖခင်သည် ၃၁-၁-၂၀၀၄ ရက် (စနေနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၀၄ ရက်(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Thian˚Za˚Uk
(ခ) ကျော်ကျော်
အသက်(၂၇)နှစ်

စစ်ကိုင်းတိုင်း၊ ကလေးမြို့၊ စိန်မေရီရပ်နေ ဦးခုပ်ပြန်း(ပြည်နယ်ပညာရေးမှူး၊ ငြိမ်း) - ဒေါ်နွမ်လမ်းတို့၏ သား၊ ဦးလျန်ကျုံးနွံ(AGTI)- ဒေါ်ကိမ်သိန်း၊ ဆရာဆန်ခိုလျန် (သင်းအုပ်ဆရာ၊ မန္တလေး) - ဆရာမဒွဲဘူ၊ ဒေါ်ဆွီးခေါနဲမ်-(ဦးဆဲန်မှုန်း အကောက်ခွန်မှူး)၊ ဆရာမထျန်ဇာမွေး(လယ်ပြ)-ဦးဗိုင်နော်ရိန်း(မြို့နယ်လျှပ်စစ်မှူး၊တောင်သာမြို့)၊ ဦးအန်ဝုမ်း-ဒေါ်ဇာထွေး(ဖားကန့်မြို့)၊ ဆရာမ ဆွီးနိုင်မွေး(မူပြ၊ လားရှိုးမြို့)-ဦးဇော်လတ်တို့၏ညီ/မောင်၊ ဆွေးလျန်ထန်း၊ ဒေးဗစ်ရှန်ဇာကိမ်း(B.Th)-မဒိမ်းသယ်တို့၏အစ်ကို၊ မကြင်းလမ်ကျိန်၏ခင်ပွန်းသည် ၂၃-၁-၂၀၀၄ရက် ည၉:၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၁-၂၀၀၄ရက်တွင် ကလေးမြို့ တောင်ဖီလာခရစ်ယာန်သချိုင်း၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

မခိုင်ဝေလွင်
(၃နှစ်၊ စီးပွား/စီမံ)
အသက်(၂၂)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၁ရပ်ကွက်၊ ၂လမ်း၊ အမှတ် ၁၈/၂နေ(ဦးဘိုကြီး)-ဒေါ်စောတင်တို့၏ မြေး၊(ဦးမောင်မောင်-ဒေါ်ခင်ဝင်း)တို့၏ ဒုတိယသမီး၊ မနှင်းဝေလွင်၏ညီမ၊ မောင်ဟန်ဝေအောင်၏အစ်မ ဖြစ်သူသည် ၃၁-၁-၂၀၀၄ရက် မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

သားအဖြစ်မှစွန့်လွှတ်ခြင်း

မောင်ဝိုင်းကိုကိုသည် မိဘစိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

မိဘ-ဦးအေးသန်း-ဒေါ်စိုးစိုး
ဘလုပ်ညွှန့် အင်ကြင်းလမ်း၊
ကြည့်မြင်တိုင်မြို့နယ်။

ဦးကျော်သိန်း
ရုံပိုင်ကြီး(ငြိမ်း)မြန်မာ့မီးရထား
အသက်(၉၇)နှစ်

တွံတေးမြို့၊ ကျွန်းတောရပ်၊ ကျွန်းတော ၇ လမ်း၊ အမှတ် ၂၈၁ နေ (ဒေါ်ခင်လှ)၏ ခင်ပွန်း၊ ဦးအောင်သန်း-(ဒေါ်ခင်သိန်း)၊ (ဦးအိတင်-ဒေါ်ခင်ငြိမ်း)၊ ဦးမြင့်သိန်း(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)-ဒေါ်သန်းရင်(အထပြ၊ ငြိမ်း)၊ Dr.ဦးဌေးကြွယ်-Dr.ဒေါ်ကြည်ညွန့်၊ ဦးသိန်းဝင်း(နမ္မတူ)-ဒေါ်သန်းမြင့်တို့၏ဖခင်၊ မြေး ၁၉ယောက်၊ မြစ် ၁၄ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁-၂-၂၀၀၄ရက် နံနက် ၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၀၄ရက်(အင်္ဂါနေ့) မွန်းတည့်၁၂နာရီတွင် တွံတေးမြို့ အိုးဖိုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပေါင်းတည်အသင်း(ရန်ကုန်)
ဒေါ်လုံး(ခ)ဒေါ်စန်းခင်
အသက်(၇၉)နှစ်

ပေါင်းတည်မြို့၊ မင်းကွက်(၁)ရပ်ကွက်၊တာပွန်လမ်းနေ ရာသက်ပန်အသင်းဝင် ဦးမောင်မောင်အုန်း၏မိခင်သည် ၁-၂-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၃-၂-၂၀၀၄ ရက် ညနေ ၃နာရီတွင် ပေါင်းတည်မြောက်သုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်သန်းညွန့်(ခ)အသန်းကြီး
မင်းလှမြို့၊ပဲခူးတိုင်း
အသက်(၇၃)နှစ်

မင်းလှမြို့၊ ဈေးချိုတန်းလမ်း၊ အမှတ် ၂၇နေ (ဦးဖိုးစိန်-ဒေါ်လှဆင်)တို့၏သမီး၊ ဒေါ်အေးညွန့်၊ (ဒေါ်အုန်းမြင့်)၊(ဒေါ်အုန်းကြွေ)တို့၏ညီမ၊(ဒေါ်စိုး)၏အစ်မသည် ၁-၂-၂၀၀၄ ရက် နံနက် ၅:၃၀ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီ၌ ရေဝေးသုသာန်တွင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကားများ တောင်ဒဂုံ၂၀ရပ်ကွက်၊ မြနန္ဒာလမ်း၊ အမှတ် ၄၉-ခ၊ ကိုစိုးနိုင်-မခင်သန်းအေး နေအိမ်မှ နံနက်၁၀:၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြထူး
အလပြ၊ငြိမ်း
အထက(၁)သင်္ဃန်းကျွန်း
အသက်(၅၂)နှစ်

ရန်ကုန်မြို့နေ ဦးလှတင်-ဒေါ်မြမေတို့၏သား၊ ဦးခင်မောင်-ဒေါ်မြရီတို့၏သားသမက်၊ ဒေါ်ဖြူဖြူခင်(တောင်ဒဂုံ၊အမက)တို့၏ခင်ပွန်း၊ဦးမြဦး(ရုံးအဖွဲ့မှူး၊စီမံ/စီးပွား)-ဒေါ်ခင်မြင့်ဦး(ဗဟိုဘဏ်)တို့၏ ညီ၊ ဒေါ်တင်ညွန့်၊ ဒေါ်ခင်ညွန့်(မြန်မာနိုင်ငံသားများဘဏ်)၊ ဒေါ်ဌေးဌေးမူ၊ ဒေါ်အေးအေး(အလပြ၊ အမက-၂၂၊သာကေတ)၊ ဒေါက်တာဒေါ်ထားရီ၊ ဦးသန်းဦး(မထသခွဲ-၆)၊ ဒုရဲအုပ်တိုးလွင်(မူခင်းတပ်ဖွဲ့)-ဒေါ်ယဉ်ယဉ်စန်း (မြန်မာနိုင်ငံရဲတပ်ဖွဲ့)တို့၏ အစ်ကို၊ မလေးမိုမိုထူး-မောင်ကျော်၊ မောင်ကျော်ဇေယျထူး-မခိုင်ခင်မြင့်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၁-၂-၂၀၀၄ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးဒင်္ဂါး (ကနောင်)
အသက်(၈၉)နှစ်

ကနောင်မြို့နေ (ဦးပန်းဖြူ-ဒေါ်ရွှေဆင့်)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ခြံအမှတ် ၆၈၊ ပိုက်လုံးလမ်းနေ (ဒေါ်ကြည်ခင်)၏ခင်ပွန်း၊ ဒေါ်တင်အေး (သပြေပိဋကတ်ဆိုင်)၊ ဦးညွန့်ဝေ-ဒေါ်မြကြည်(သစ္စာမဏ္ဍိုင်စာပေ)၊ ဦးတင်ဝင်း (ဒု-ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း)-ဒေါက်တာ ဒေါ်တင်လှိုင် (ပါမောက္ခ၊ငြိမ်း၊ ရန်ကုန်တက္ကသိုလ်)၊ (ဒေါ်အေးမြင့်-ဓာတ်ခွဲခန်းအရာရှိ-ငြိမ်း)၊ ဒေါ်ကြည်ကြည်ညွန့် (အထက-၂၊ ဗဟန်း၊ငြိမ်း၊ ရတနာ့ဝါဒီ ပိဋကတ်ဆိုင်)၊ ဒေါ်စန်းနွဲ့ (စာရင်းစစ်၊ ငြိမ်း၊ ဗဟိုစာရင်းရုံး)၊ ဦးမြင့်သန်း-ဒေါ်လှလှဝင်း (စန်းမင်းတရာ ပိဋကတ်ဆိုင်)တို့၏ ဖခင်၊ မနီလာညွန့်၊ မဥမ္မာကြည်၊ မနိုင်နိုင်ဝင်း၊ မောင်ကျော်နိုင်စိုး၊ ကိုဝင်းမျိုးသူရ (မဟာမီဒီယာအုပ်စုလီမိတက်)၊ မခိုင်ဇာဝင်း၊ မောင်အောင်မျိုးဇော်တို့၏အဘိုးသည် ၃၁-၁-၂၀၀၄ ရက် (စနေနေ့) ညနေ ၄:၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၀၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်ဌေးကြည် (ပုသိမ်)
အသက်(၇၅)နှစ်

ပုသိမ်မြို့၊ တကောင်းဘုရားလမ်း၊ အမှတ် ၁၈၅ နေ(ဦးညီစိန်-ဒေါ်ညွန့်)တို့၏သမီး၊ (ဒေါ်ခင်ရီ)၏ညီမ၊ ဦးစန်းတင်-ဒေါ်စန်းမြဦး (မဟာနွယ် ဧည့်ရိပ်သာ၊ သန်လျင်)တို့၏ အစ်မ၊ ဦးစောလှိုင်(ဆေးပစ္စည်း၊ငြိမ်း)၏ဇနီး၊ ဗိုလ်မှူး ဖုန်းလွင်-ဒေါ်ခင်မျိုးဦး(ကထိက၊ သချာင်္ဌာန၊ ဒဂုံတက္ကသိုလ်)၊ ကိုဝင်းဆိုင်၊ ဒေါ်ခင်မျိုးအေး (နည်းပြ၊ သချာင်္ဌာန၊ ပုသိမ်တက္ကသိုလ်)တို့၏ မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၃၁-၁-၂၀၀၄ ရက်(စနေနေ့)နံနက် ၄:၁၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၀၄ ရက်(တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (တိုက်-ည၊ အခန်း ၁၆၊ ဘုရင့်နောင်ရိပ်သာ၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးသောင်းညွန့် (ငြိမ်း)
အိုတီအက်စ်(၃၀)
အသက်(၆၄)နှစ်

ပြည်မြို့၊ ရတနာမာန်အောင်ကွက်သစ်၊ အိမ်အမှတ်(အေ-၈)နေ ဒေါ်မြမြကြည်၏ခင်ပွန်း၊ ဗိုလ်ကြီးဆန်းညွန့်-ဒေါ်ရီရီချို၊ ဒေါ်နီနီညွန့်(အထပြ-ငြိမ်း)၊ ကိုထွန်းထွန်းညွန့်၊ ကိုမင်းမင်းကြည်-မအေးအေးမွန်၊ ကိုကိုကြည်၊ မသန္တာညွန့်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ (ဦးမြင့်အောင်)-ဒေါ်အေးမြင့်၊ ဦးလှအောင်၊ ဒေါ်အေးကြည်(ပုသိမ်)တို့၏ညီဖြစ်သူသည် ၂၈-၁-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၀၄ရက် (သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ကန်သာဦးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။

အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော မိတ်ဆွေများအား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ဟန်ရီ(ပြင်ဦးလွင်)
အသက်(၆၁)နှစ်

ပုသိမ်မြို့နေ(ဦးမောင်သင်-ဒေါ်ကြင်တင်)တို့၏သမီး၊ ပြင်ဦးလွင်မြို့နေ ဦးကောင်းရင်(လဲ့လဲ့ရေခဲစက်)၏ဇနီး၊ ပုသိမ်မြို့နေ ဒေါ်ဟန်ကြည်၏ ညီမ၊ ဦးစံမောင်၏အစ်မ၊ (ကိုသိန်းဦး)၊ မကွေးမြို့နေ ကိုထွန်းထွန်းဦး၊ မစန်းစန်းအေး (နိုဘယ်ရေခဲစက်)၊ ပြင်ဦးလွင်မြို့နေ ကိုအောင်မျိုးဦး(ခ)ကိုတွတ်၊ မခင်စန်းထွေး(စက်ရေတွင်းတူးဖော်ရေး)၊ ကိုထွန်းထွန်းဦး၊ မလဲ့လဲ့ခိုင်(စိန်ထော်ရေခဲစက်)၊ မကြူကြူခိုင်၊ မဇင်မာခိုင်တို့၏ မွေးသမိခင်၊ မောင်သီဟထွန်း၊ မပြည့်ပြည့်ဟန်၊ မမေဇင်ဟန်၊ မောင်ထက်ပိုင်ဖြိုးတို့၏အဘွားသည် ၁-၂-၂၀၀၄ ရက် နံနက်၈နာရီတွင်မကွေးတိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့်၃-၂-၂၀၀၄ရက် မွန်းလွဲ၁နာရီတွင်မကွေးမြို့တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်းအမကြီး
အုံရွှကီး(ခ)ဒေါ်ကြည်
အသက်(၉၁)နှစ်

ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ ၂၃ လမ်း(အထက်)၊ အမှတ် ၁၀၅(ဒုတိယထပ်)နေ (ဦးဟုတ်အူ)၏ဇနီး၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ အမှတ် ၇၁၊ လေးထောင့်ကန်လမ်းနေ ဦးမြအေး-ဒေါ်ကျင်မြိုင် (တွင်ခုံ)၊ ဦးကျော်ဝင်းတို့၏မိခင်၊ ရန်ကုန်မြို့ ဦးအခွန်း၏မွေးစားမိခင်၊ ဦးမျိုးဝင်းဟန်-ဒေါ်နီလာသန်း၊ ဒေါက်တာအေးကြူ-ဒေါက်တာဇေကရီသန်း၊ဦးတင်မျိုးသော်-ဒေါ်မြမြသန်း၊ ကိုဝင်းကြိုင်(ဘီလီယက်)၊ ကိုဝင်းလှိုင်-မသန်းသန်းဌေးကျော်(FMGစတိုး)၊ မဥမ္မာသန်း(Teacher at ILBC)၊ ကိုဝင်းနိုင်-မမူယာအေး(နေရာသစ် ခွေဆိုင်)၊ မောင်ဝင်းခိုင်(ဘီလီယက်)နှင့်မြစ် ၁၀ယောက်တို့၏အဘွားသည် ၁-၂-၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (၇၁၊ လေးထောင့်ကန်လမ်းနေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကံ
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ဟံသာရိပ်မွန် အိမ်ရာ အောင်ချမ်းသာလမ်း၊ တိုက်၁၄၀၊ အခန်း ၃၀၁ နေ ဒေါ်ကျင်စု-ဦးချစ်ကိုကို၊ ဦးကျော်သိန်း-ဒေါ်တင်လှ၊ ဒေါ်အေးအေးကြည်-ဦးစိုးထွန်း၊ ဦးပြုံးချို-ဒေါ်ခင်လှမိုး၊ ဒေါက်တာအောင်နိုင်-ဒေါက်တာခင်နှင်းဝေတို့၏ မိခင်၊ မြေး ၁၀ ယောက်တို့၏ အဘွားဖြစ်သူသည် ၃၁-၁-၂၀၀၄ ရက် နံနက် ၉:၁၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့်၂-၂-၂၀၀၄ ရက် နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်၌ မြေမြှုပ်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၆-၂-၂၀၀၄ရက် နံနက် ၇နာရီမှ ၁၂ နာရီထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ကိုမောင်မောင်နိုင်
Director
Ever Loyal Int'l Co.,Ltd.
အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ အမှတ် ၂၇၇ နေ (ဦးစိန်)-ဒေါ်မြင့်ကြည်တို့၏ သား၊ ဦးသန်းဌေး-ဒေါ်မြင့်မြင့်သန်းတို့၏ သားသမက်၊ ဒေါ်ကြည်ကြည်ဝင်း(MD, Ever Loyal Int'l Co., Ltd.)၊ ဦးမောင်မောင်ဦး(Director, Ever Loyal Int'l Co.,Ltd.)တို့၏ ညီ မောင်၊ အမှတ် ၃၆၊ ပိတောက်လမ်း ပိန္နဲကုန်း၊အင်းစိန်မြို့နယ်နေ မသင်းသင်းမာ၏ ခင်ပွန်း၊ ဟိန်းကိုကိုဦး(YIEC, 3M)နှင့် ဟိန်းဇေယျာဦး(မူကြို-၂၊ရန်ကုန်ခရစ်ယာန်မက်သဒစ်အသင်းတော်)တို့၏ ဖခင်သည် ၃၁-၁-၂၀၀၄ရက် (စနေနေ့) ည ၇:၂၀ နာရီတွင် S.S.C ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၄-၂-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (၃၆၊ ပိတောက်လမ်း ပိန္နဲကုန်း အင်းစိန်မှ ကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။ (၂၄၊ မယ်ဇလီပင်လမ်း၊ ကြည့်မြင်တိုင်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
စောလှဝင်းစိန်(ခ)ဖိုးခွား(ခ)
Reggie
Senior Sale Representative
United Pharma
(Yangon) Co.,Ltd.
အသက်(၃၂)နှစ်

အင်းစိန်မြို့၊ မင်းကြီးလမ်း၊ အမှတ် ၁၄၄နေ (ဦးဆင်မြူရယ်စိန်)-ဒေါ်အိဖွန်းစိန်တို့၏သား၊ Rev.ဦးရှီးသ-(ဒေါ်ရို့စ်ဒေးဗစ်)တို့၏သားသမက်၊ နော်တာမလာဖောာ၏ခင်ပွန်း၊ စောမြတ်ဖုန်းကျော်(အထက-၁၊ အင်းစိန်)၊ စောအောင်မြတ်ကျော်(အမက-၃၊ အင်းစိန်)၊ နော်စီပလု(နံ့သာကုန်းမူကြို)တို့၏ဖခင်သည် ၁-၂-၂၀၀၄ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁၂:၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၂-၂၀၀၄ရက် (အင်္ဂါနေ့)နံနက် ၉နာရီတွင် ရှာမနစ်ခြင်းအသင်းတော်၊ မင်းကြီးလမ်း၊ အင်းစိန်မြို့၌ဝတ်ပြုကိုးကွယ်ပြီး ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ မွှောရုံ၊တံတားဒါယကာကြီး
ဦးပန်းမောင် (ကျိုက်လတ်)
အသက်(၈၁)နှစ်

ကျိုက်လတ်မြို့နေ(ဦးသိုးရှင်-ဒေါ်အေးစိန်)တို့၏သားကြီး၊ကျိုက်လတ်မြို့၊ အမှတ် ၁၃၊ ၈ လမ်းနေ ဒေါ်ကျင်စိန်၏ခင်ပွန်း၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ် ဘိုကုန်းရပ်၊ ဇေယျသိဒ္ဓိကျောင်းတိုက်၊ ကျောင်းထိုင်ဆရာတော်ဘဒ္ဒန္တ ကုမာရ (မဟာသွဲ့သာရဆရာတော်) ပထမကျော် ဓမ္မာစရိယ(B.Sc)မဟာသဒ္ဓမ္မဇောတိကဓဇ၏ရဟန်းဒါယကာ၊ ဦးသန်းထွန်း(ကမ္ဘာ့ဌာနာစရိယ)-ဒေါ်တင်သိန်း၊ ဦးမောင်ဝင်း (ရတနာရွှေ ဆိုင်)ဒေါ်ကြူကြူစန်း (အထက-၂)တို့၏ဖခင်၊ ကိုကျော်ဦး-မသီသီ (မြတ်ကေသီရွှေဆိုင်)၊ မခင်လွင်လွင်ထွန်း၊ မယဉ်မီဝင်းမောင်(B.C.Sc)၊ မဟန်နီဝင်းမောင်(အထက-၂)နှင့်မြေးသုံးယောက်တို့၏အဘိုးသည် ၃၁-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၀၄ရက် မွန်းလွဲ၁၂:၃၀ နာရီတွင် ကျိုက်လတ်မြို့ ၈လမ်းနေအိမ်မှ ပိတောက်မြိုင်သုသာန်သို့ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးကျော်ဝင်း
တပ်မတော်(ငြိမ်း)
အသက်(၇၉)နှစ်

ကျိုက္ခမီမြို့နေ (ဦးတိုးအောင်-ဒေါ်မျှား)တို့၏သား၊ ဒိုက်ဦးမြို့နယ်၊ ဒရယ်မီးရွာနေ (ဦးဘိုးစိန်-ဒေါ်ငွေစိန်)တို့၏သားသမက်၊ အမှတ်(B/၁၁၅) မြို့ပါတ်လမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နေ ဒေါ်ကျင်၏ခင်ပွန်း၊ ဦးစိုးဝင်း၊ ဒေါ်ခင်လေးမူ(ဒေသန္တရကျန်းမာရေး၊ အင်းစိန်)၊ ဒေါ်ခင်အေးမူ(အထက-၁၊ အင်းစိန်)၊(တကမြတ်ကိုကိုတပ်မတော်-လေ)၊ ကိုယဉ်ထွေး(မထသခွဲ-၁)-မစန်းစန်းထွေး၊တကစိုးလွင်(တပ်မတော်-လေ)၊ မတင်တင်မိုး၊ မသဇင်ဝင့်(ရေနှင့်သန့်ရှင်းမှု၊ အင်ဂျင်နီယာဌာန၊ ရေကူးရေတွန်းစက်ရုံ)တို့၏ဖခင်၊ မခိုင်စုယဉ်၏အဘိုးသည် ၃၁-၁-၂၀၀၄ ရက် ညနေ ၃:၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၂-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထွေး
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ငါးထပ်ကြီးစခန်းလမ်း၊ ဒေါ်ကြီးကြီးလမ်း၊ အိမ်အမှတ် ၃၁၂(ဘီ) နေ ဦးကျော်အေး-ဒေါ်သီတို့၏သား၊ ဦးစောမောင်-ဒေါ်လှိုင်တို့၏ သားသမက်၊ ဒေါ်ဦးယဉ်၏ခင်ပွန်း၊ ဦးငွေသိန်း-ဒေါ်ခင်စန်း၊ (ဦးကြီးဟန်)-ဒေါ်ခင်လှ၊ ဦးမြင့်ဇော်-ဒေါ်အေးအေး၊ ဦးစောယု-ဒေါ်သီတာ၊ ဦးကျော်ရင်-ဒေါ်ချိုချိုအေး၊ (ဦးစိန်မြင့်)၊ ဦးဝင်းမြင့် (ဝိရဇကုမ္ပဏီ)- ဒေါ်မာမာထွေး(ပြည်ထဲရေးဝန်ကြီးရုံး)၊ (ဦးအတာ)၊ ဦးရင်ထွေး-ဒေါ်ခင်စောတို့၏ဖခင်၊မြေး ၁၇ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၁-၂-၂၀၀၄ရက်(တနင်္ဂနွေနေ့)ညနေ ၄:၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၂-၂၀၀၄ ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၀:၃၀ နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ဝင်းကြည်
ပြည်တွင်းအခွန်များဦးစီးဌာန
ဦးစီးအရာရှိ(ငြိမ်း) ပဲခူးမြို့
အသက်(၅၆)နှစ်

ပဲခူးမြို့၊ အမှတ် ၁၇၅၊ မြင်တော်သာဖြတ်လမ်းနှင့် အမှတ် ၃၅၄၊ ဗိုလ်မင်းရောင် ၃လမ်း၊ နန်းတော်ရာမြို့သစ်နေ (ဦးထွန်းစိန်-ဒေါ်သန်းကြည်)၊ ဒေါ်နီတို့၏သမီး၊ ဦးညွှန့်မောင်-ဒေါ်မြသွင်တို့၏သမီးချွေးမ၊ ဦးညွန့်ဝေ(အင်ဂျင်နီယာကန်ထရိုက်တာ)၏ ဇနီး၊ ဗိုလ်ကြီးဇော်မင်းထွဋ်-ဒေါ်ဇင်နွယ်မိုး၊ ဦးစိုးမင်းသူ-ဒေါ်ခင်နွယ်မိုး၊ကိုအောင်အောင်မျိုး-မအေးအေးခန့်၊ ကိုကျော်ဇင်ထွန်း(ဒု-စီးပွားစီမံ)ဒဂုံတက္ကသိုလ်တို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၃၁-၁-၂၀၀၄ ရက် နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်
အသက်(၇၅)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဝါးခယ်မလမ်း၊အမှတ်၄၆နေ(ဦးဘနှင်း-ဒေါ်သီလှ)တို့၏သမီး၊ ဦးတာ(ကျွန်းချောင်းဓာတ်မြေသြဇာစက်ရုံ) ဒေါ်နီနီ၊ ဒေါ်မာမာမြင့်(စိုက်ပျိုးရေးသုတေသန၊ ရေဆင်း)၊ ဒေါ်မြင့်မြင့်ဦး(အော်တိုဖုန်း)၊ ဦးဇော်မင်း(ပြည်ပစာပို့)၊ ဒေါ်ဝေဝေဦး(အလုပ်သမားဥပဒေစစ်ဆေးရေးရုံးချုပ်)၊ ဦးတင်မောင်မောင်-ဒေါ်မာမာဦး(သမဦးစီး၊စမ်းချောင်း)၊ ဦးငွေမောင်(ဦးစီးအရာရှိ၊ ပဆန)-ဒေါ်စန္ဒာအေးဝင်း (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်)၊ ဒေါ်သက်သက်ဦး (ကကငွေ)၊ ဦးသက်ကိုကိုဝင်း၊ ဒေါ်သန္တာဦး(ကကငွေ)၊ ဒေါ်ပပဝင်း (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်)၊ ဒေါ်သူဇာဝင်း (M.O.B)၊ ဦးအောင်ကိုကိုဝင်းတို့၏ အဒေါ်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁-၂-၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ၁:၀၅နာရီတွင် ကွယ်လွန်ပါသဖြင့် ၃-၂-၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမြေးမြစ်တစ်စု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Daw Rosa (a)
Daw Rosa ဝုန်ဇမ်းမန်
Tonzang/Kalaymyo
YCCF
အသက်(၄၆)နှစ်

ကလေးမြို့၊ ၃/၁၂၊ ပင်လုံရပ်ကွက်နေ (Pu P.Go Cin,Pi Vial Ngaih Cing)တို့၏ သမီး၊ ချင်းပြည်နယ်၊ တွန်းဇံမြို့နေ(Pu Mang Za Gin)-Pi Ning Za Ngai တို့၏သမီး ချွေးမ၊ (Nu Angela Niangh Go Cing-Pa Khup Do Dal)၊ Nu Daisy Don Kho Ciin-Pa Tin Pe၊ Pa Augustine Pum Za Dal-Nu Nian Zam Cing(မူ/အုပ်)၊ Nu Louisa Go Lam Ciin-Pa Dominic Lian Za Pau(Officer,BAJ/UNHCR)၊ (Nu Niang Khan Suan-Pa Hau Lian Thang) တို့၏ညီမ၊ Lia Theresa Dai Khan Niang၊ (Lia Hellen Dim Ngaih Lian)၊ Lia Ciin Lam Man တို့၏အစ်မ၊ Rev.Fr.Stephen Mang Lian Tuang(ကျောင်းထိုင်၊ မတူပီးမြို့)၏အဒေါ်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း (၁၂လုံးတန်း)၊ တိုက် ၂၁၄၊ အခန်း ၁၈ နေ Ko Victor ဒိုဆွမ်လျန် (Uniteam Marine, Ltd)၏ဇနီး၊ Emma Ngai Sian Nuam (a)ရှန်းနိုး(1st Yr.Dist)၊ Patrick Gin Suan Piang (a) ပျောင်ပီး(နဝမတန်း၊ အထက-၁၊ရန်ကင်း)တို့၏မိခင်သည် ၃၁-၁-၂၀၀၄ရက်(စနေနေ့) နံနက် ၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၄-၂-၂၀၀၄ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် Our Lady of Fatima Church၊ မြေနီကုန်းတွင်ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။(ကားများ-နေအိမ်မှ မွန်းတည့်၁၂နာရီ၊မင်္ဂလာဒုံဝိုင်ယာလက်မှတ်တိုင်မှ မွန်းတည့် ၁၂နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုတင့်ဆွေ (အောင်ကဖီး)
အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြို့ပြ အိမ်ရာတောင်ဘက်ခြမ်း၊ တိုက်(၄)၊ အခန်း(၁၂)၊ အောင်ကဖီးနေ(ဦးအောင်ကျင်-ဒေါ်သောင်းတင်) တို့၏သား၊ (ဦးမြင့်သိန်း)-ဒေါ်ခင်စန်းမြင့်၊ ဦးတေဇနိယ၊ ဦးထွန်းဝေ-ဒေါ်ဝင်းဝင်းရီ၊ ဦးဝင်းနိုင်-ဒေါ်လှလှရီ၊ ဦးအေးထွဋ်-ဒေါ်နွဲ့နွဲ့ရီ၊ (ဒေါ်ခင်အုံးမြင့်)၊ မမြမြရီ၊ မခင်ခင်ထွေး၊ ကိုမြင့်ဆွေတို့၏ညီမောင်၊ ကိုရဲထွဋ်လွင်-မတင်တင်ထွေး တို့၏ အစ်ကို၊ တူ တူမ ၁၂ ယောက်တို့၏ ဦးလေးသည်၁-၂-၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၄:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၀၄ ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၀၄ရက်(စနေနေ့)နံနက်တွင်ရက်လည်ဆွမ်းကျွေးတရားတော်နာမည် ဖြစ်ပါသဖြင့် တရားနာကြွရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ဒေါ်သိန်းမြင့် (a)
Mrs. Agnes Ho (B.A)
အငြိမ်းစားဆရာမကြီး
(Methodist English High School)
အသက်(၉၃)နှစ်

(ဦးအလင်-ဒေါ်ကြီးမေ)တို့၏ သမီးကြီး၊ [ဦးစီ(ခ)K.T.Ho]၏ချစ်လှစွာသောဇနီး၊ [ဦးဟိန်းတင်(ခ)Harry-ဒေါ်သိန်းနု(ခ) Lily]၊ (ဦးညွန့်လှ(a) George Lee)- Pauline Lee၊ [ဦးမြသောင်း(a) Spencer- ဒေါ်သိန်းဇင်(ခ)Margaret]တို့၏ ချစ်လှစွာသောအစ်မ၊ ဦးစိုးဝင်း (ခ) Harry (ASEAN Focus Group)-ဒေါ်မူမူ(ခ) Rosebud (Diplomatic School Yangon) တို့၏ချစ်လှစွာသော မိခင်၊ ဒေါက်တာဦးအောင်ကျော်-ဒေါက်တာ ဒေါ်ခင်သန်းတင် (ခ) Delphine၊ ဗိုလ်မှူးမြင့်သိန်း(ငြိမ်း) (a) Melvin-ဒေါ်ဝင်းရှီးရှီး၊ Alan Burrell-ဒေါ်ခင်စိုးတင် (ခ) Suzie၊ ဦးအေးမောင်မောင် (ခ) Raymond-ဒေါ်ခင်ဆွေတင် (ခ) Candy တို့၏ ချစ်လှစွာသောကြီးတော်၊မဝင်းမူအေး(ခ) Prinrose၊(စောစီစိုး)၊မဝင်းမူစိုး(ခ) Elizabeth(Diplomatic School Yangon) တို့၏ချစ်လှစွာသောအဘွားသည် ၂၉-၁-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၆ နာရီတွင် အမှတ် ၃၈၊ ဖောခိရိပ်သာ၊ ဝင်ဒါမီယာ၊ ဗဟန်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၁-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
မန်းလင်းမောင်
ပိုးကရင်နှစ်ခြင်းအသင်းတော်
ခဝဲခြံ/သမိုင်း
အသက်(၈၁)နှစ်

ဧရာဝတီတိုင်း၊ ကျုံပျော်မြို့နယ်၊ ဇင်ပြွန်းကုန်းကျေးရွာနေ မန်းကျော်သန်း-ဂျမနှစ်တို့၏ စတုတ္ထမြောက်သား၊ အမှတ် ၆၊ ဦးအောင်ကျော်လမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်နေ(ဂျ့ရှီးဘာ)၏ခင်ပွန်း၊ မန်းလင်းရွှေဇင်-နော်သောင်းမြင့်၊ (မန်းမောလန်)-နော်လှဝင်းကြည်၊ နန့်မော်လင်း၊ မန်းမောဂန်လင်း-ဒေါ်သန်းသန်းရင်၊ ဒေါ်အယ်နီတာလင်း (အမက-၂၅၊ မူလွန်ကျောင်း၊ အကစဝင်း၊ အင်းစိန်)၊ ဦးဝင်းဇော်သိန်း-ဒေါ်မော်နီတာလင်း၊ မန်းနေစန်း-ဒေါ်ရှယ်လီတို့၏ဖခင်၊ မြေး ၁၆ ယောက်တို့၏အဘိုးသည် ၃၁-၁-၂၀၀၄ ရက် (စနေနေ့)ညနေ ၇:၁၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃-၂-၂၀၀၄ရက် (အင်္ဂါနေ့)နံနက် ၁၀နာရီတွင် ပိုးကရင်နှစ်ခြင်းအသင်းတော် ခဝဲခြံ၊ သမိုင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ကျန်ရစ်သူမိသားစု။

ကျိုက်လတ်မြို့နယ်အသင်း
ဦးပန်းမောင် (ရွှေကုန်သည်)
အသက်(၈၁)နှစ်

ကျိုက်လတ်မြို့အသင်းဌာနေအမှုဆောင် ဦးမောင်ဝင်း-ဒေါ်ကြူကြူစန်း(ရွှေကုန်သည်)၏ဖခင်၊ ဒေါ်ကျင်စိန်၏ခင်ပွန်း (ရာသက်ပန်အသင်းဝင်)ဦးပန်းမောင်သည် ၃၁-၁-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂-၂-၂၀၀၄ရက် မွန်းလွဲ၁၂နာရီခွဲတွင် ကျိုက်လတ်မြို့ ပိတောက်မြိုင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ဒေါ်တင်တင်
အသက်(၇၅)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဝါးခယ်မလမ်း၊အမှတ်၄၆နေ(ဦးဘနှင်း-ဒေါ်သီလှ)တို့၏သမီး၊ (ဦးတင်မြင့်-ဒေါ်စိန်တင်)၊ ဒေါ်သိန်းသိန်း၊ (ဦးဟံစိန်)၊ ဒေါ်ညိုညို၊ ဒေါ်ခင်ခင်မြင့်၊ ဦးပညာသာမိ(အတုလမာန်အောင်ကျောင်း)၊ ဦးဆွေဝင်း(အဖွဲ့ခွဲမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ်)၊ (ဒေါ်ခင်မြင့်မော်)တို့၏ ညီမ/အစ်မသည် ၁-၂-၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ၁:၀၅နာရီတွင် ကွယ်လွန်ပါသဖြင့် ၃-၂-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမောင်နှမတစ်စု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းများအချိန်မီပြီးစီးရေး တာဝန်ရှိသူများအားမှာကြား ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တည်ဆောက်ရေးလုပ်ငန်းများ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ဘက်စုံအဆင့်မြှင့်စီမံကိန်းလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများနှင့် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ▼

ယနေ့ထုတ် စောင်ရေ ၂၀၀၀၂၄

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်ရှိ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကွန်ပျူတာ စာသင်ခန်းများအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (ယာပုံ) နှင့် ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်တည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုကို တွေ့ရစဉ်။ (အောက်ပုံ) (သတင်းစဉ်)

၂၀၀၃ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆုများ ထုတ်ပြန်ကြေညာ တစ်သက်တာစာပေဆုကို စာရေးဆရာမကြီး စောမုံညင်းရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁

ပခုက္ကူမြို့မှ စေတနာရှင်ဦးအုံးဖေက နိုင်ငံတော်သို့လွှဲအပ်လှူဒါန်းသော စာပေရန်ပုံငွေ၏ အတိုးအညွန့်များဖြင့် ၁၉၉၃ခုနှစ်မှစပြီး စာမူပြိုင်ပွဲများခေါ်ယူ၍ နှစ်စဉ် ဆုများချီးမြှင့်လျက်ရှိရာ ပခုက္ကူဦးအုံးဖေ စာပေဆုပြိုင်ပွဲတွင် (၁၁)ကြိမ်မြောက်အဖြစ် ရွေးချယ်ချီးမြှင့်သော ပခုက္ကူဦးအုံးဖေစာပေဆု ရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ကဗျာပေါင်းချုပ်ဆုတွင် ကောင်းညွန့်ဝေ(ရေစကြို)ရေးသားသည့် "ကမ္ဘာအသိ ဇာတိဂုဏ်" ကဗျာများက ပထမ၊ မောင်ပြည့်လှိုင်း(သံတွဲ) ရေးသားသည့်

စာမျက်နှာ ၁၃ ကော်လံ ၁ ✻

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ် လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကမ္ဘာတစ်လွှားထူးထူးခြားခြား

နိုင်ငံတကာအာကာသယာဉ်စခန်း

ရုရှားအာကာသထောက်ပံ့ရေးယာဉ်၏ ကင်မရာမှတစ်ဆင့် တွေ့မြင်ရသော နိုင်ငံတကာအာကာသယာဉ်စခန်းကိုတွေ့ရစဉ်။ **(အောက်ဝဲပုံ)**

ရုရှားအာကာသယာဉ် တစ်စင်းသည် နိုင်ငံတကာအာကာသယာဉ်စခန်း(အိုင်အက်စ်အက်စ်)နှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ပြီ ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အောက်စီရိုဒ်ဓာတ်ခဲခြောက်ဖြင့် မောင်းသောကား

မတ်ဆူရှီတာ လျှပ်စစ်စက်မှုလုပ်ငန်း(ပါနာဆိုနစ်)မှ တီထွင်ထုတ်လုပ်သော အောက်စီရိုဒ် ဓာတ်ခဲခြောက်ဖြင့် မောင်းနှင်နိုင်သည့်ကားကို ဇန်နဝါရီ ၂၈ ရက်က တိုကျိုမြို့တွင် အမျိုးသမီးတစ်ဦးက **(အပေါ်ပုံ)** တွင် ပါရှိသည့်အတိုင်း မောင်းနှင်ပြခဲ့သည်။ **(ရိုက်တာ)**

ပုံတူမျိုးပွား ဆိတ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်မြောက်ဘက် ယူရမ်ဂီမြို့နယ်ရှိ လူစီဟူမြို့တွင် အညိုရောင်နှင့် ခဲရောင်စပ်အဆင့်ရှိသော ပုံတူမျိုးပွား ဆိတ်ငယ်လေးတစ်ကောင်ကိုတွေ့ရစဉ်။ **(ယာပုံ)** အဆိုပါ ပုံတူမျိုးပွား ဆိတ်ကလေးသည် တရုတ်နိုင်ငံ၏ ပထမဆုံး ပုံတူမျိုးပွားဖြစ်ပြီး ကိုယ်အလေးချိန် ၂ ဒသမ ၃၂ ကီလိုဂရမ်၊ ကိုယ်ခန္ဓာအရှည် ၄၂ စင်တီမီတာနှင့် အရပ်အမြင့် ၃၅ စင်တီမီတာရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**